

ဒေါက်တာသက်လွင်(စီးပွားရေး)

# အမေစိမ်းက ပုံပြင်ကလေးများ

၂၀၁၆

# အတိတ်က ပုံရိပ်ကလေးများ

ဒေါက်တာသက်လွင် [စီးပွားရေး]

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ • ဒေါ်ခင်ဝင်းမြင့်၊
ရှုတိုင်းယဉ်စာပေ (မြ-၀၀၆၁၉)
အမှတ် (၉၂)၊ ပထမထပ်
၃၇လမ်း(အောက်လမ်း)၊ မဟာဗန္ဓုလနှင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ • ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁)လမ်း (ထက်)၊

ပုံနှိပ်ခြင်း • ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ မတ်လ

အုပ်ရေ • ၁၀၀၀

တန်ဖိုး • ၂၀၀၀ ကျပ်

ဖြန့်ချိရေး • ရှုတိုင်းယဉ် ဥပဒေနှင့်သုတရသစာပေ
အမှတ်(၁၀၀)မြေညီ၊ ၃၇လမ်း၊
(အောက်လမ်း)၊ မဟာဗန္ဓုလနှင့်
ကုန်သည်လမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၄၃၀၇၀၀၇၁၊ ၀၁ ၃၈၇၆၃၁၊
၀၁ ၂၅၄၀၀၃၊ ၀၉ ၄၂၅၃၀၇၆၇၅

## စာအုပ်ကတ်သလောက်အညွှန်း (CIP)

၈၉၅.၈၄

ဒေါက်တာသက်လွင်(စီးပွားရေး)
အတိတ်ကပုံရိပ်ကလေးများ/ဒေါက်တာသက်လွင်(စီးပွားရေး)
- ရန်ကုန်။
ရှုတိုင်းယဉ်စာပေ၊ ၂၀၁၆ ခုနှစ်။
၁၁၇ - စာ၊ ၁၃.၄ စင်တီ × ၂၁ စင်တီ။
(၁) အတိတ်ကပုံရိပ်ကလေးများ



ဒေါက်တာသက်လွင် [စီးပွားရေး]

ဒေါက်တာသက်လွင်ကို မွန်ပြည်နယ် မုဒုံမြို့အပိုင် တာပသွန်ကျေးရွာတွင် ၁၉၃၇ ခုနှစ်တွင် ဖွားမြင်ခဲ့ပါသည်။ မော်လမြိုင်မြို့၊ စိန့်ပက်ထရစ်အထက်တန်း ကျောင်းမှ ၁၉၅၆ ခုနှစ်၊ ပထမအဆင့်ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ မော်လမြိုင်ဥပစာ ကောလိပ်မှ (ခ) အောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ် လူမှုရေးသိပ္ပံမဟာဌာနမှ ၁၉၆၀ ပြည့်နှစ်တွင် နှစ်ဘာသာဂုဏ်ထူးဖြင့် အထူးအောင်မြင်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ် စာရင်းအင်းပညာဌာနတွင် နည်းပြ ဖြစ်လာပါသည်။ ဆရာဘဝဖြင့် ပညာဆက်လက်သင်ယူခွင့်ရသောကြောင့် ၁၉၆၄ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့ကို ရရှိခဲ့ပါသည်။ တက္ကသိုလ်ကောလိပ်များကို ၁၉၆၄ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန၌ ၁၉၆၄ တွင် လက်ထောက်ကထိက၊ ၁၉၇၃တွင် ကထိက၊၁၉၉၂တွင် တွဲဖက်ပါမောက္ခ၊ ၁၉၉၃ တွင် ပါမောက္ခဌာနမှူးအဖြစ် ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားခြင်း ခံရပါသည်။

လှိုင်တက္ကသိုလ်နယ်မြေ မေခဆောင်တွင် ၁၉၆၄-၆၅ အဆောင်နည်းပြ၊ ၁၉၆၉-၇၉ အဆောင်မှူးအဖြစ် ၁၀နှစ် တာဝန်ယူခဲ့ပါသည်။

၁၉၆၅ခုနှစ်မှ ၁၉၆၈ခုနှစ်အထိ ချက်ကိုဆလိုဗေးကီး ယားနိုင်ငံတွင် ပညာဆက်လက် ဆည်းပူးရာ ၁၉၆၈ခုနှစ်တွင် ပရာဟာ (Prague) စီးပွားရေးတက္ကသိုလ်မှ ပါရဂူဘွဲ့ ရရှိခဲ့ပါသည်။ ထို့အပြင် အောက်ဖော်ပြပါ နိုင်ငံတကာ ဆွေးနွေးပွဲများသို့လည်း တက်ရောက်ခဲ့သည်။

၁။ ၁၉၈၉ - "Symposim on Quality of Life", Bangalore India

၂။ ၁၉၉၀ - "Seminar on HRD", Kuala Lumpur, Malaysia

၃။ ၁၉၉၁ - Demographic and Health Surveys, World Conference, Washington USA

၄။ ၁၉၉၄ - "Techno-Indochina Congress", Bangkok, Thailand

၅။ ၁၉၉၆ - "Policy Workshop on Capacity Building for Educational Planning and Menagement", Bangkok , Thailand

၆။ ၂၀၀၆ - "Rising India and Indians in East Asia Workshop", Singapore

၇။ ၂၀၁၂ - "Open Society Foundations: Board Meeting", Budapest, Hungary

၁၉၆၀ ပြည့်နှစ်မှ ၁၉၉၇ ခုနှစ်အတွင်း၌ လမ်းစဉ်လူငယ်၊ စာတတ်မြောက်ရေး၊ ဝန်ထမ်းသမ၊ စာရင်းအင်းဘာသာရပ် အစရှိသော အသင်းအပင်းများတွင် တာဝန်ယူခဲ့ပါသည်။ အထူးသဖြင့် ပညာရေး၊ အလုပ်သမား၊ ကြေးတိုင်နှင့် မြေစာရင်း၊ တိမွေးကု၊ ကျန်းမာရေး၊ ပြည်သူ့အင်အား စသည့် အစိုးရဌာနများတွင် အကြံပေးအဖြစ်ဆောင်ရွက်ခွင့် ရခဲ့ပါသည်။

၁၉၈၆ ခုနှစ်တွင် 'ပြည်သူ့ဝန်ထမ်းကောင်း' ဆုတံဆိပ်၊ ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် 'ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်' ဆုနှင့် ၂၀၁၅ခုနှစ်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ချီးမြှင့်သော 'ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့' Doctor of Letters (Honaris Causa) ကို ရရှိခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့တွင် ဒုဥက္ကဋ္ဌ (လူမှုရေးသိပ္ပံ)အဖြစ် တာဝန်ယူလျက်ရှိပါသည်။

❑

## ရင်တွင်းစကား

ဘဝအမောတွေ တဒင်္ဂဖြေဖျောက်ပေးနိုင်ဖို့အတွက် တစ်သက်တာမြင်မက်ခဲ့တဲ့ ပုံရိပ်ကလေးတွေကို ရင်ဖွင့်ရုံ သက်သက်မျှသာဖြစ်ပါတယ်။ ဖတ်ရှုရင်းပြုံးဖော်ရမယ်ဆိုရင် ဒီစာစုကိုရေးရကျိုးနပ်ပါပြီ။

စာရေးသူ

# မာတိကာ


| | | |
|---|---|---|
| ၁။ | စိုးရိမ်အမှတ် ဒီဂရီ ၁၅၀၀ | ၁ |
| ၂။ | ကညာပျို့ သဒ္ဒါပို | ၇ |
| ၃။ | ဖရဲသီးစိတ်ချိုမြွေး | ၁၃ |
| ၄။ | စက်ရေတွင်း | ၁၇ |
| ၅။ | မရှိမဖြစ်လက်ကိုင်ဖုန်း | ၂၃ |
| ၆။ | သံယောဇဉ်အနှောင်အဖွဲ့ | ၂၉ |
| ၇။ | တတိယအရွယ် ဒုတိယဝေဒနာ | ၃၅ |
| ၈။ | ကြီးပွားရေးဖြတ်လမ်း | ၄၁ |
| ၉။ | နာဂစ်မုန်တိုင်းပုံပြင် | ၄၉ |
| ၁၀။ | ဒဂါးများနှမြောစရာလား | ၅၅ |
| ၁၁။ | ဖြစ်ရပ်ဆန်းဆန်း တက္ကသိုလ်သင်တန်း | ၆၁ |
| ၁၂။ | ဟွန်းမတီးရ ရပ်ဝန်း | ၆၇ |
| ၁၃။ | သူ့လက်ရာ | ၇၅ |
| ၁၄။ | မိစ္ဆာရိယစိတ်ရိုင်း | ၈၅ |
| ၁၅။ | သမုဒယနှောင်ကြိုး | ၉၁ |
| ၁၆။ | ကံ့ကော်တော ပန်းပြဿနာ | ၉၇ |
| ၁၇။ | စာနာစိတ် | ၁၀၃ |


❑



# စိုးရိမ်အမှတ် ဒီဂရီ ၁၅၀၀

၁

စုစုနဲ့ ကိုဖြိုးကငယ်စဉ်ကလေးဘဝထဲက ကျောင်းတက်အတူတူ။ ကစားဖော် ကစားဘက်တွေ။ တက္ကသိုလ်ရောက်တော့စုစုက စီးပွားရေးလိုင်း။ ကိုဖြိုးကစက်မှုလိုင်း။ ဘာသာရပ်ချင်းသာ ကွဲတာ၊ လူချင်းက တပူးပူး တတွဲတွဲ။ တစ်နေ့တခြား သူငယ်ချင်းအဆင့်ကိုကျော်ပြီး ရည်းစားဖြစ်လာကြတယ်။ ကျောင်းပြီးတော့ စုစုက ကုန်တိုက်တစ်တိုက်မှာ စာရင်းကိုင်ဖြစ်လာပြီး၊ ကိုဖြိုးက ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုမှ မြို့ပြအင်ဂျင်နီယာ ဖြစ်လာတယ်။ လူငယ်ချင်းက မေတ္တာရှိပြီး လူကြီးချင်းလဲအသိတွေဖြစ်လို့ မင်္ဂလာဆည့်ခံပွဲကို တခမ်းတနား ကျင်းပနိုင်ခဲ့ကြတယ်။

ရှေးဘဝအဆက်ဆက် ရေစက်လားတော့မသိဘူး။ စုစုက ကိုဖြိုးကိုအရမ်းချစ်တယ်။ လိုလေသေးမရှိအောင် ပြုစုတယ်။ သူ့မျက်စိအောက်က ကိုဖြိုးကို အပျောက်မခံချင်ဘူး။ ကိန္နရီ မောင်နှံ ဆိုရမလား။

၂

စုစုရဲ့အဖွား ဒေါ်ငယ်က တောသူဌေး။ အထည်ကြီးပျက်။ မိဘတွေရဲ့ အတွင်းပစ္စည်း ရထားတယ်။ တောသူတောင်သားပီပီ အငြိမ်မနေတတ်ဘူး။ သရက်သီး၊ သစ်တိုသီးအိုးစိမ်တို့၊ သရက်သီး၊ မရမ်းသီး၊ သံပရာသီး သနပ်တို့၊ တမာရွက်၊ ခတက်ရွက် ချဉ်ဖတ်တို့ကို စဉ့်အိုးတွေနဲ့ သိပ်နေတတ်တယ်။ နောက်လျှို့ဝှက်ချက်တစ်ခုက သူ့ရဲ့ရွှေထည်ပစ္စည်းတွေကို ချဉ်ဖတ်အိုးကြီး အိုးငယ် ဆိုဒ်စုံထဲက သုံးလေးလုံးထဲမှာသူ့အမှတ်အသားနဲ့သူ သိမ်းဆည်းထားလေ့ရှိတယ်။

စုစုတို့က သူ့အဖွားနဲ့အတူနေကြတာ။ စုစုကအချစ်ကြီး၊ အမျက်ကြီး အစားထဲက။ အလိုလိုက် အကြိုက်ဆောင်တော့လဲသူ၊ အပြစ်ရှာ ရန်ထောင်တော့ လဲသူ။ အဖွားလုပ်သူကအမြဲဆုံးမတယ်။

“လင်ယောကျ်ားဆိုတာ မိန်းမနားမှာ ၁၂ ရာသီဘယ်ကပ်နေနိုင်မှာလဲ။ အပေါင်းအသင်းတွေနဲ့ စိတ်လွတ်ကိုယ်လွတ် တစ်ခါတစ်လေ နေချင်ရှာမှာပေါ့။ လင်သားကိုစိတ်ညစ်အောင် မလုပ်ကောင်းဘူး။”

“ဒီခေတ်က အဖွားတို့ခေတ်နဲ့မတူဘူး။ အပြင်မှာပျော်စရာပါးစရာတွေ အများကြီး။ အလျှော့ပေးလိုက်ရင်နောင် တင်းရခက်သွားလိမ့်မယ်။”

“မိစု အထိန်းအကွပ်နဲ့ အချုပ်အနှောင်ကို ခွဲခြားသိရမယ်။ ချစ်လွန်းလို့ မပြောရင်သာနေရမယ်။ ယောကျ်ားတွေကအချုပ်အခြယ်ခံချင်ကြတာ မဟုတ်ဘူး။”

"ဒီလိုဖြစ်လာမယ်လို့ ငါတွက်ပြီးသား။ ဟင်း။ တော်တော်ညံ့တဲ့မိန်းမ။ ကလေးမထိန်းတတ်ဘူး။ တောက်။"

□

၃

စနေတစ်ရက်။ ကျောင်းပိတ်ရက်။ စုစု သားနှစ်ကောင်နဲ့ ကုန်တိုက်မှာ ဈေးသွားဝယ်တယ်။ ဈေးဝယ်ပြီး အပြန်မှာ သူ့ယောက်ျားကိုဖြိုးနဲ့ မန်နေဂျာမလေး သီဂီတို့ကို ရေသန့်ဘူး ကိုယ်စီကိုင်လို့ 'တော်ဝင်' ဟိုတယ်ပေါ်က ဆင်းလာနေတာ တွေ့လိုက်ရတယ်။ မွန်ထူပြီး ကားကိုအိမ်ဘက် ဒုံးဆိုင်း မောင်းလာတယ်။ ကားပေါ်မှာ သူ့မိန်းမနဲ့ ကလေးကိုမြင်လိုက်တဲ့ ကိုဖြိုးက သူ့ရုံးကားနဲ့ အိမ်ကို အမောတကော လိုက်လာတယ်။ ချဉ်ဖတ်အိုးကလေးတွေကို စစ်ဆေးနေတဲ့ စုစုရဲ့အဖွား ဒေါ်ငယ်က လှမ်းမေးလိုက်တယ်။

"ဟဲ့ မိစု။ ညည်းဘယ်လိုဖြစ်လာတာလဲ။ ငါရင်တွေပန်းတွေ တုန်လိုက်တာ။"

"အဖွား။အဖွား။ စုစုသူနဲ့မပေါင်းချင်ဘူး။ အလကား၊ သစ္စာမရှိတဲ့ယောက်ျား။ "

"စု။ ကိုယ်၊ ကိုယ် ရှင်းပြမယ်။ နားထောင်ကွာ။"

"ဘာမှ လာမပြောနဲ့။ ခွေးဇာတ်ခင်းတာကို မသိတာမှတ်လို့။ မသတီဘူး။"

"အဖွား။ သားက ဆေးသုတ်ဖို့ ကန်ထရိုက်ကိစ္စနဲ့ ဟိုတယ်ကိုသွားတယ်။ အလုပ်သဘောအရ သီဂီက သားနဲ့ အတူလိုက်လာတာ။ သားတို့ကို စုက အထင်လွဲနေတယ်။ ကြည့်ပြောပေးပါဦး။"

"မိစု။ ညည်းဘက်က နည်းနည်းပါးပါး နားလည်မှု ရှိမှပေါ့။"

ကိုဖြိုးက စုစုအနားကိုတိုးလာချိန် စိတ်ကြီးတဲ့ စုစုက လက်လှမ်းမီရာ စဥ့်အိုးတစ်လုံးကို ကောက်ယူပြီး ပစ်ပေါက်လိုက်တယ်။ စဥ့်အိုးကလေးက ကိုဖြိုးနဖူးကို ရှပ်ထိပြီး နံရံသွားမှန်တယ်။ ကွဲသွားတဲ့ စဥ့်အိုးထဲက ဒေါ်ငယ် အထား မှားပြီးပျောက်နေတဲ့ ရွှေထည်ပစ္စည်းလေးတွေ ထွက်ကျလာတယ်။ အဖေနဲ့ အမေစစ်ခင်းနေကျတိုက်ပွဲ ခဏခဏ ကြုံလို့ နွားပေါက်ကလေးနှစ်ကောင် စိတ်မဝင်စားကြဘူး။ ခုလက်နက်ကြီးတွေနဲ့ ပစ်ခတ်နေတာကိုတွေ့လို့ ဖွားဖွားကြီး ရဲ့နောက်ကိုပြေးဝင်ပြီး အကာအကွယ်ယူကြတယ်။ ရွှေဒင်္ဂါး တွေ၊ လက်ဝတ်ရတနာတွေ ထွက်ကျလာတာကိုမြင်တော့ ကလေးတွေပြေးကောက်ကြတယ်။

"ဖွားဖွား၊ ဒီမှာ၊ ဒီမှာ။ လက်ကောက်တွေ၊ ဟ ဒီမှာ လက်စွပ်တွေ။"

"ပေးပေး။ ဖွားဖွား ရှာနေတာကြာပြီ။ ဝမ်းသာလိုက် တာ။ မိစု ဒီကိုလာစမ်း။ "

"မောင်ဖြိုး အဖွားပြောမယ်။ ပွန်းရာ ပဲ့ရာပဲဖြစ်ဖြစ်။ ဖြစ်ဖြစ်ချင်း ဆေးထည့် ပေးရတယ်။ အနာရင်းပြီး ပြည်တည် သွားရင် ကုရခက်တယ်။"

"အဖွား၊ သားဘက်ကရှင်းတယ်။ မရိုးမသား ဘာမှ မလုပ်ခဲ့ဘူး။"

"လုပ်ကြည့်ပါလား။ ကတ်ကျေးကိုက်တဲ့ ဗိုလ်မနဲ့ မတူဘူး။ အပြတ်ပဲ။"

"ဟော့၊ ဟော့၊ မိန်းမ။ မလုပ်နဲ့ကွာ။ ပုဆိုးကျွတ်တော့မယ်။ လွှတ် လွှတ်။"

"မိစုလေ၊ သားပေါ် သံယောဇဉ် အရမ်းကြီးပါလား။ ကဲ ကဲ တော်ကြ တော်ကြ။ မိစု။ ဒီပစ္စည်းတွေကို အဖွားပေးလိုက်မယ်။ ရော့ ယူသွား။"

ဖွားအေကြီးကို တဒင်္ဂ အပစ်အခတ်ရပ်စဲထားတဲ့ စုစုတို့မိသားစုက ထိုင်ကန်တော့ကြတယ် ။ ။

❑



# ကညာပျို သဒ္ဒါပို

## ၁

မိုးအကုန်ဆောင်းအကူ တစ်နေ့ညနေ။ လမ်းဘေးစကြ်န်ပေါ် ခင်းရောင်းတဲ့စာအုပ်အဟောင်း ဈေးတန်းဘက်ရောက်ဖြစ်တယ်။ အပျင်းပြေ စာအုပ်လှန်လှောကြည့်နေတုန်း နာမည်ခေါ်သံကြားလို့ ဘေးဘီလှမ်းကြည့်တော့ လူကြီးလူကောင်းနှစ်ယောက်ကို မြင်ရတယ်။ အသိထဲကများလားလို့ စဉ်းစားချိန်တောင်မရလိုက်ဖူး။ ဆဲသံနဲ့အတူ ပခုံးကွရားလို့ ခေါ်လိုက်တော့မှ ထားဝယ်သားဘရင်နဲ့မန္တလေးသား စောလွင်ဖြစ်နေတာကိုး။ ငယ်ရုပ်ကို မနည်းဖမ်းယူရတယ်။

တက္ကသိုလ်ကျောင်းသားဘဝမှာ ကျွန်တော်နဲ့ ကိုဘရင်၊ ကိုစောလွင် တို့က တစ်ဆောင်တည်း အတူနေ၊ အတူသွား၊ ပြောမနာ ဆိုမနာ အရင်းနှီးဆုံး သူငယ်ချင်းတွေ။ ကျောင်းပြီးကတည်းက မတွေ့ဖြစ်ကြဘူး။ အနှစ် နှစ်ဆယ် အစိတ်လောက်ရှိမယ်။

အသားမည်းတဲ့ ကျွန်တော့်ကို ပဋိက္ခရားလို့၊ ဘရင်ကို သမိန်ဗရမ်းလို့၊ စောလွင်ကို စောလူးလို့ အချင်းချင်းနာမည် ဖျက်ခေါ်ခဲ့ကြတယ်။ အရွှတ်အနောက်သန်တဲ့ စောလူးက ဖက်လဲတကင်းမေးရှာတယ်။

"ကျွန်တော်တို့ မတွေ့ဖြစ်တာကြာပြီနော်။ စက်ဘုပူ သွားမယ့် ကျွန်တော့်သားကို လေဆိပ်လာပို့ရင်း ရန်ကုန် ရောက်နေတာ။ သမိန်ဗရမ်းနဲ့ ကျွန်တော် အဆက်မပြတ်ဘူး။ ခင်ဗျား ဆရာလုပ်တုန်းပဲလား။"

"နားပြီလေ။ ခု ဒဂုံမြို့သစ်မှာနေတယ်။ သူငယ်ချင်း တွေ ကြီးပွားနေတဲ့အကြောင်း ကြားကြား နေရပါတယ်။"

သမိန်ဗရမ်းက မေးတယ်။

"ဟေ့လူ၊ ခင်ဗျား အခု အချိန်ရလား။ ကျွန်တော်တို့ တစ်နေရာရာ ထမင်းလေး ဘာလေးသွားစားကြရအောင်။ ပြီးရင်ဘိုးဘွားရိပ်သာတစ်ခုခုကို သွားလည်ကြ မယ်ဗျာ။"

"ကောင်းသားပဲ။ သွားကြတာပေါ့။"

၂

သမိန်ဗရမ်းရဲ့ကောင်းမှုနဲ့ ဒရင်းမ်ဟိုတယ်ရောက် သွားတယ်။ ဧည့်ကြို လူငယ်လေးက ပျူပျူ ငှာငှာ ကြိုဆိုပြီး၊ အခန်းတစ်ခန်းမှာ နေရာချပေးတယ်။ မအူမလယ်နဲ့ ကျွန်တော်မေးကြည့်တယ်။

"ထမင်းစားကြမယ်ဆို။"

သမိန်ဗရမ်းက ပြောတယ်။

"ဆရာလုပ်တယ်လည်းဆိုသေး။ ဗဟုသုတခေါင်းပါး လှချည်လား။ ဒီမှာ စားလို့လဲရတယ်။ သောက်လို့လည်းရ တယ်။ နဖူးတွေ့ဒူးတွေ့ တွေ့မှ သဒ္ဓါတရားတွေ တဖွားဖွား ပေါ်လာမယ်။ နေဦး။"

ဧည့်ကြိုလူငယ်လေးက ဧည့်ခံမယ့်ကလေးမလေး သုံးယောက်နဲ့ မိတ်ဆက်ပေးတယ်။ ကလေးမလေးတွေ နံဘေး မှာ ဝင်ထိုင်ကြတော့၊ အတွဲကိုယ်စီ ရသွားတာပေါ့။ ကျွန်တော် က မေးမိတယ်။

"ဟော့လူတွေ၊ ဘယ်ဘိုးဘွားရိပ်သာကို သွားကြ မလဲ။"

စောလူးက ဝါးလုံးကွဲရယ်ရင်းရှင်းပြတယ်။

"ခင်ဗျားမှာ မြေးတစ်ယောက်၊ သမိန်ဗရမ်းမှာ သုံးယောက်၊ ကျွန်တော့်မှာ တစ်ယောက်။ ကိုယ့်အသက်ကိုယ် ပြန်ကြည့်။ ၆၀ ပတ်ဝန်းကျင် ကျွန်တော်တို့တွေ အဘိုးတွေ မဟုတ်ဘူးလား။ ဒီချစ်ချစ်တွေက ဘွားဘွားတွေလေ။ အဘိုး တွေအတွက် ဒါရိပ်သာပဲ။"

သမိန်ဗရမ်းက ထောက်ခံတယ်။

" Life is short, just enjoy " လူ့ဘဝကတိုတိုလေး။ ရတုန်းရခိုက် ပျော်ပျော်နေ။ တယ်အတဲ့လူ။ ခင်ဗျားဘေးက ဘွားဘွားလေးဒီလို မွှေးမွှေးပေးလိုက်။"

ပြောပြောဆိုဆို သူ့ဘေးက ကလေးမလေးကို သူ့ရင် ခွင်ထဲဆွဲသွင်းရင်း မွှေးမွှေးပေးလိုက်တယ်။ အကြာကြီး ကွဲပြီး ပြန်ဆုံကြတဲ့ သူငယ်ချင်းတွေ ရှေးဟောင်း နှောင်းဖြစ်တွေ

ပြောကြ၊ ကလေးမလေးတွေ ငှဲ့ပေးတဲ့အရက်ကို သောက်၊ ခွံ့ကျွေးတဲ့အမြည်းတွေကိုစား၊ သီချင်းတွေဆို၊ အပျော်ကြီးပျော်နေချိန်မှာအရက်ရှိန်ကြောင့် စောလူးဗွေထတော့တယ်။ အလှူရှင်များအရမ်း စိတ်ညစ်သွားတယ်။ သူ့အတွဲ မိစန်းနဲ့ မြိုင်ထကချင်လို့တဲ့။ အမျိုးမျိုးချော့ပေမယ့်၊ မရ။

"သမိန်ဗရမ်း၊ ခင်ဗျာကြေးမေးဗျာ။ တောင်းသလောက်ပေးမယ်။"

"စောလူး၊ ခင်ဗျားမကဲနဲ့။ ပိုက်ဆံကြောင့် မဟုတ်ဘူး။ သူက အဆိုသက်သက်ပဲ။ အကမရဘူး။"

"ကျွန်တော် စကားကုန်ပြောမယ်ဗျာ။ အိမ်ကအဖွားကြီး အားအားရှိ တရားစခန်း ချည်းသွားနေတယ်။ ကာမဂုဏ်အာရုံမခံစားရတာကြာပြီ။ လုပ်ပါဗျာ။ မိစန်းက အရမ်းသဘောကောင်းတယ်။ ချစ်ချင်တယ်ဗျာ။"

ဟိုတယ်ကဆိုင်ရာပိုင်ရာပုဂ္ဂိုလ်တွေနဲ့ညှိနှိုင်းပြီး မိစန်းတစ်ယောက် အပြင်ထွက်ခွင့်ရအောင် သမိန်ဗရမ်း ကြိုးစားရတော့တယ်။

၄

ညဉ့် ၁၀ နာရီလောက် ဒရင်းမ်ဟိုတယ်ရဲ့ မလှမ်းမကမ်းကရပ်စောင့်နေတဲ့ ပရာဒိုကားပေါ် ခေါ်တင်ပြီး၊ စောလူးတည်းတဲ့ ရွှေမြို့တော်ဟိုတယ်ဘက် ကားကိုမောင်းခိုင်းတယ်။ အခါမှဲ့ မိုးကလေးက တဖွဲဖွဲရွာနေတယ်။ ကားလေး

က ရွှေဂုဏ်အိမ်ရာနားနီးလာတော့ မိစန်းက ကားကိုခဏ လောက်ရပ်ပေးခိုင်းတယ်။

"အစ်ကိုကြီး၊ ဒီတိုက်ရှေ့ခဏလောက်ရပ်ပေးပါ။ မိစန်းရဲ့အဒေါ်အိမ်ကို ငွေလေးနည်းနည်းလောက် ကန်တော့ ခဲ့ချင်လို့ပါ။ နော်၊ အစ်ကိုကြီး။ ချက်ခြင်းပြန်လာမှာပါ။"

စောလူးက သူ့အကြောင်းနဲ့သူ၊ တော်တော့ကို ကုသိုလ်ပါဝင်ချင်နေတာ၊ သဘောကောင်းလိုက်တာများ။

"ညီမလေး၊ ရော့။ ကိုကြီး တစ်သောင်းပေးလိုက်မယ်။ ယူသွား။"

ကျောင်းဆရာပီပီ ကိုယ်ကလဲမနေသာဘူး။ ကလေး မလေး မိုးမိမှာစိုးလို့ လိုရမယ်ရ ယူလာတဲ့ ခေါက်ထီးကို ဖွင့်ပေးလိုက်သေးတယ်။

၄

တိုက်ကအမြင့်ကြီး။ ဆယ်လွှာလောက်ရှိမယ်။ ရုတ်တရက် ကားကိုရပ်ခိုင်းတော့၊ အခန်းနံပါတ်ကို ဘယ်သူက မှ မမေးမိဘူး။ ကားရပ်ထားတာ နာရီဝက်ကျော်လောက် ရှိတော့မယ်။ မိစန်းရဲ့ အရိပ်အယောင်တောင် မမြင်ရ။ တက်မေးဖို့က အခန်းနံပါတ်ကိုမသိ။ အနည်းဆုံးမိစန်းရဲ့ အဒေါ်နာမည်ကို မေးထားမိဖို့ကောင်းတယ်။ ခုနာပြီ။ စိတ် အိုက်လို့ ဇောချွေးတောင် ထွက်လာတယ်။ အထောက်အထား ခိုင်ခိုင်လုံလုံမရှိပဲနဲ့၊ ဘယ်သူ့ကိုအကူအညီ တောင်းမလဲ။ အရပ်က အစိမ်း။ မတော်လို့ အသိအကျွမ်းတွေနဲ့တိုးမှ

အရှက်ကွဲမယ်။ ကြံရာမရ။ နောက်ဆုံးတော့ လက်လျှော့ပြီးရှက်ရှက်နဲ့တပ်ခေါက် ပြန်လာကြတယ်။ လာလမ်းမှာ သမိန်ဗရမ်းကကျွန်တော့်ဘက်လှည့်ပြီး ပြောတယ်။

"ဟိုလူ။ စောလူးခံရတာက သူယားလို့။ ပဋိက္ခရား ထီးတောင် အဆစ်ပါသွားတယ်။ နှမြောစရာကြီး။"

ကျွန်တော်က ဝင်သတိပေးမိတယ်။

"ထီး ဆုံးတာ ကိစ္စမရှိဘူး။..... ဆုံးမှ။ စောလူးပိုးထိမဲ့ ဘေးက လွတ်သွားတာ အမြတ်ပဲ။"

ယူကျုံးမရဖြစ်နေတဲ့ စောလူးက အောင့်သက်သက်နဲ့ မှတ်ချက်ချလိုက်တယ်။

"မြို့ကြီးက သူဌေးကြီးတွေလည်လှပြီမှတ်ထားတာ။ ခုတော့အနှပ်ခံရပြီ၊ တောက်။"

❑



# ဖရဲသီးစိတ်ချိုမွှေး

၁

ဒီနေ့မှ နေက ခါတိုင်းထက်ပိုပူနေသလိုပဲ။ ကျောက်လမ်းကကတ္တရာတွေ အရည်ပျော်နေလို့။ အာခြောက်လိုက်တာ၊ တံထွေးမျိုးချလို့လဲမရ။ ရေအငတ်မပြေဘူး။ ရွက်ထားတဲ့ ဗန်းထဲမှာ ဖရဲသီးစိတ်တွေ။ ရေခဲတုံးကလေးတွေ အုံပြီး ပိတ်စိမ်းပါးနဲ့ အုပ်ပေးထားတော့ အေးစက်နေတာပဲ။ တစိတ်လောက်စားလိုက်ရကောင်းမလား။ အမောကိုပြေပြီး ရင်ထဲအေးစိမ့်သွားမှာ။ အချိန်မရှိဘူး။ ဆိုက်ထဲကို အလုပ်နားချိန်အမီ ပြေးနိုင်မှ။ လူတွေကွဲကုန်လို့ ရောင်းမထွက်ပဲ ဖြစ်နေဦးမယ်။

၂

မြို့သစ်တွေတည်ခါစ အလုပ်သမားရှားတယ်။ အလုပ်ကြမ်းသမားတွေ လုပ်အားခပိုရတယ်။ အကူလုပ်သားက မြေပေါက်၊ ရေဆွဲ၊ အုတ်သယ်၊ မဆလာ သယ်ပေါ့။ နေပူပူ

မိုးရွာရွာ ဘာပဲလုပ်ရလုပ်ရ ဝန်ထုတ် ဝန်ပိုးလို့မမြင်ရင် အလုပ်ခွင်ထဲမှာ ပျော်တာချည်းပါပဲ။

ဆိုက်ထဲမှာ လူစုံစရိုက်စုံ။ လက်သမား၊ ပန်းရံ၊ သံချည် သံကွေး၊ သစ်ခွဲ၊ လွှတိုက်၊ သဲတိုက် အုတ်တိုက်၊ ကားသမား ယာဉ်မောင်း၊ အိုး လူတန်းစားအမျိုးမျိုး၊ ဆေးလိပ် ကွမ်းယာ၊ ထမင်းဟင်းကအစ အဖျော်ယမကာအဆုံး ဘာလိုလို အကုန်ရတယ်။

ပန်းရံနဲ့ အုတ်သယ်ကတစ်တွဲ။ တစ်ယောက်ကို တစ်ယောက်ကစ။ သားပြောမယားပြော ပြောလား ပြောရဲ့။ လစ်ရင်လစ်သလို အားပေးတတ်သူလဲရှိ။ နီးစပ်လို့လား။ ဖူးစာဆုံလို့လား မသိဘူး။ မြသွေးတစ်ယောက် ပန်းရံဆရာလေး ကိုမြင့်နိုင်နဲ့ အကြောင်းပါသွားလေရော။

## ၃

ကျွန်မက ညိုတယ်။ အချိုးအဆစ်ကျတယ်။ သူငယ်ချင်း တွေက လှတယ်လို့ပြောကြတယ်။ ကျွန်မ ကို ကြည့်ကြည့်နေတဲ့ ယောကျာ်းတွေကများသား။ ပန်းရံဆရာ ကိုမြင့်နိုင်ကတစ်မျိုး။ သူ ကျွန်မကို ခိုးခိုးကြည့်မှန်းကျွန်မသိနေတယ်။ မျက်လုံးချင်း ခဏခဏဆုံမိတယ်။ ကြည့်ပုံကမရိုးမှန်းရှင်းတယ်။ အငယ် တန်း အင်ဂျင်နီယာ ကိုဘသိုက်ရဲ့ အကြည့်ကတစ်မျိုး။ စား တော့ဝါးတော့မဲ့ပုံမျိုး။ အသဲယားတယ်။

ဒေါ်တုတ်ကတစ်ခုလပ်။ ဘာမထီအစားထဲက။လူ တကာနဲ့ပရောကော သောကော နေတတ်တယ်။ ကွပ်ကဲရေးရုံး အဝင်အထွက်များတယ်။ အုတ်သဲကျောက် ပွဲစားကို။ အပြော

အဆိုညက်တယ်။ ကျွန်မနဲ့ ဘသိုက် နီးစပ်သွားအောင် ဒေါ်တုတ်က အခါပေးနေလေရဲ့။ အငယ်တန်းအင်ဂျင်နီယာ မုန်ယိုပြီး အောက်တန်းဆင်းလာရင် ကျွန်မ အငယ်အနှောင်း ဖြစ်ကိန်း မြင်နေတယ်။

ဒီလိုနဲ့ မိဖုရားအဖြစ်ကိုပဲ ရွေးဖြစ်သွားတယ်။ ဘသိုက် မသိမ်းပိုက်ခင် ကျွန်မ ဘဝတူချင်းဖြစ်တဲ့ ကိုမြင့်နိုင်ရဲ့ ကမ်းထားတဲ့ လက်ကိုပဲ လှမ်းဆွဲလိုက်ပါတယ်။

## ၄

ကိုမြင့်နိုင်က အတန်းပညာမှာ အလယ်တန်းအဆင့် လောက်သာတက်ဖူးတာ။ ဒါပေမယ့် စိတ်ကူး စိတ်သန်းက အရမ်းကောင်းတယ်။ အလုပ်ကြိုးစားတယ်။ ကတိတည်တယ်။ စိတ်ထားနဲ့ အလုပ်ကို အသိ အမှတ်ပြုခံရလို့ လုပ်ကွက်ကလေး တွေကို တာဝန်ယူလုပ်ကိုင်ခွင့်ရလာတယ်။ တဖြည်းဖြည်း လုပ်ငန်းက တစ်စစ ကြီးထွား လာပါတော့တယ်။

ကျွန်မတို့ကချောင်လည်တယ်။ အိမ်ပိုင်ယာပိုင်နဲ့။ သမီးကလေးတောင် အတန်းကျောင်းရောက်နေပြီ။ ကံကြမ္မာ အလှည့်အပြောင်းကတစ်မျိုးကြီးပဲ။ ပန်းရံကိုင်ရင်းကိုမြင့်နိုင် ငြမ်းစင်ပေါ်က လိမ့်ကျသွားတယ်။ သွေးရိုးသားရိုး ကံနိမ့်လို့ပဲ လား။ တစ်ဘက်သားရဲ့ ပယောဂလား မသိပါဘူး။ နံရိုးတစ် ချောင်းကျိုးပြီး ခါးနည်းနည်းနာသွားတယ်။ အောက်ပိုင်းသေ သွားရင် ကျွန်မရင်ကျိုး ရတော့မယ်။ ဘုရားသိကြားကယ်လို့ ခါး ချို့ယုံ ချို့သွားတာပါပဲ။ လူကတော့ နဂိုအတိုင်းပဲ။

၇

တစ်နှစ်လောက် ကိုမြင့်နိုင် အိပ်ယာထဲကမထ နိုင်ရှာဘူး။ အင်္ဂလိပ်ဆေးထိုး၊ တိုင်းရင်းဆေးသောက်၊ အနှိပ် သည်ခေါ် အကြောပြင်။ သန်တော့သန်လာတယ်။ ဒါပေမယ့် ခါးကတောင့်တောင့်ကြီး။

ကျွန်မအိမ်ဆိုင်တည်တယ်။ နေ့လယ်ဘက် ရာသီကုန် ငှက်ပျော၊ သရက်၊ ဖရဲ၊ သပျစ်၊ ပန်းသီး၊ လိမ္မော် ဟိုနား ဒီနား လည်ရောင်းတယ်။ သူ့ဆေးဖိုး၊ သမီးကျူရှင်ဖိုး ရှာရ တယ်လေ။

ဒေါ်တုတ်ကမေးတယ်။ ညည်းဘာမှမဖြစ်ပါလား။ စပ်စပ်စုစု။ ကြည့်လေ သူကသန်သန်မာမာပဲ လားတဲ့။ ဆေးကုပြီးတားထားလို့။ ဟွန်း၊ သားဆက်သာ မခြားထားမိရင် မျိုးဆက်ပြတ်ဖို့ ဝေးလာဝေး။

(၆) "ဖရဲ လာပါဦး"

ဘုရား၊ ဘုရား။ ကိုယ်အတွေးနဲ့ကိုယ် ဆောက်လုပ် ရေးအိမ်ယာ ဆိုတာတောင် ကျော်သွားပါပကောလား။ တစ်စိတ်ဆို တစ်စိတ်မှ မကျန်ဘူး။ ငွေရပေမယ့် ရေအငတ်က မပြေသေးတာမို့ ရေချမ်းစင်မှာ ရေတစ်ဝကြီး သောက်ချ လိုက်ပါတယ်။ ရေလှူတဲ့သူတွေ စိတ်နှလုံးချမ်းမြေ့ကြ ပါစေ။ ။

❑



# စက်ရေတွင်း

၁

ဒဂုံမြို့သစ်က ဝန်ထမ်းမြို့၊ အငြိမ်းစားတွေကအများစု၊ ဝန်ထမ်းဘဝတုန်းက ရေမီးအစုံအလင်နဲ့ အစိုးရအိမ်ခန်းတို့ အိမ်ယာတို့မှာ နေလာခဲ့ကြတာ။ မြို့သစ်မှာက ရေရှားတယ်လို့ မဆိုနိုင်ဘူး။ တုံကင်တို့၊ စက်ရေတွင်းတို့ အဝီစိတွင်းတို့ ရှိသား။ ဒါပေမယ့် တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက် ရေရဲ့ အရည်အသွေးက မတူဘူး။ ရေကြည် ရေနောက်၊ ရေချို ရေငန်၊ အနံ့အသက် အမျိုးမျိုးကွဲတယ်။ တွင်းရဲ့ အတိမ်အနက်ကို လိုက်ပြီး အနံ့နဲ့ အငန်ဓါတ်က ကွာခြားနေတတ်တယ်။ အနက်ပေ ၄၀၀ အောက်ဆိုရင် အငန်ဓါတ်ပါလာ တတ်သလို အနံ့အသက်လည်းရှိတတ်တယ်။ တွင်းတိမ်အများစုက နွေဘက်မှာရေအလိုက်နည်းတတ်တာမျိုး၊ ခန်းသွားတတ်တာမျိုးရှိတယ်။ ခုတလော ငမိုးရိပ်ပိုက်တွေချပေးနေတော့ ပိုက်ရေသုံးခွင့်ရတဲ့သူတွေ ရကုန်ကြပြီ။

၂

ငမိုးရိပ်ပိုက်ရေရနေလို့ စက်ရေတွင်း မောင်းတစ်ချက် မမောင်းတစ်ချက်။ မီးတော့လာပါရဲ့။ မီးအားကပြည့်ချင်မှ ပြည့်တာ။ မီးအားမြှင့်စက်မရှိတော့၊ ရေစက်မမောင်းဖြစ် တာကကြာပြီ။ မီးအားပြည့်ချိန် စောင့်ပြီးခလုတ်ဖွင့်တဲ့အခါ မော်တာရှန်းသံကစိတ်မချမ်းသာစရာ။ ဒီအထဲဇနီးသည်ရဲ့ အသံကတမျှောင့်။

"ရှင် ဒီစက်ကိုပဲ လုပ်နေတာပဲ"

"ရေစက်ကိုမမောင်းပဲ ပစ်ထားရင် စက်ပျက်သွားမှာ စိုးလို့ပါကွာ။"

"ရှင်လက်ဆော့မှ ပျက်မှာ။ နားလည်တဲ့ စက်ပြင်ကို ပေါက်ကို ခေါ်ပါလား။"

"သူခရီးလွန်နေလို့ ငါ ကိုဒေါင်းကို ပြောထားတယ်။"

၃

အိမ်ဦးနတ်က တက္ကသိုလ်ဆရာအငြိမ်းစား။ အိမ်ထဲ အနေများတဲ့ သူ့ဇနီးက ရပ်ရေးရွာရေးကိစ္စမှာ သူ့ထက်သာ တယ်လေ။ အိမ်တွင်းရေးလဲ ထူးမခြားနား။ အရာရာမှ ဆရာ ကတော်ရဲ့ ခွင့်ပြုချက်ရမှဖြစ်တာ။ "ရှင်လေ၊ ကိုဒေါင်းကိုမှ ခေါ် ရသလား။ သူမသိတာ၊ သူမတတ်တာ ဘာဆိုဘာမှမရှိဘူး။ မြေပေါက်၊ လမ်းခင်း၊ အုတ်စီ၊ ပန်းရံကိုင်၊ အိမ်မိုးသွပ်ရိုက်၊ မီးကြိုးရိုက်၊ မီးတိုင်တက် အားလုံး အားလုံး သူချည်းပဲ။"

ခလုတ်ဖွင့်ဖွင့်ချင်း မော်တာကလည်။ ဝှီးကနဲ အသံမြည်ပြီး ဝပ်သွားတယ်။ ညော်နံ့ရလို့ ဆရာကြီးက ခလုတ်ပိတ်ဖို့ လှမ်းအော်လိုက်တယ်။

"ဆရာကြီး၊ စက်ဆီလေ ချောဆီလေး မထည့်ပေးဘူးထင်တယ်။"

"ရှင့် ဆရာကြီးကိုက ပေါ့တာ။ ဒီကပြောလဲ သူမကြိုက်ဖူး။"

"ဆရာကြီး ကာဘွန်လား၊ ကွိုင်လား တစ်ခုခုဖြစ်နေလားမသိဘူး။"

"ပြင်ရင်ဘယ်လောက်ကုန်မလဲ"

"တစ်သောင်း နှစ်သောင်းလောက်ကုန်နိုင်တယ်။"

"ပြင်စရိတ် အဲဒီလောက် အကုန်မခံချင်ဘူး။ တော်ပြီ။ ရှင်တို့ ဆရာတပည့် လက်ဆော့လို့ မီးခိုး ကြွက်လျှောက် သံသရာရှည်နေဦးမယ်။"

၄

မနက်တိုင်းလမ်းလျှောက်၊ ဘဝတူအငြိမ်းစားတွေနဲ့ ရပ်ရေးရွာရေး ကနေကမ္ဘာ့အရေးအထိ ပြောကြ ဆိုကြ။ စကားကောင်းတဲ့အခါမျိုးမှာ အိမ်အပြန် နေမြင့်လေ့ရှိတယ်။ အချိန်မီအုပ်မိဖို့ စက်ပြင်ကိုပေါက် အရဏ်မတက်ခင် စောစောစီးစီးရောက်လာတယ်။

"ဆရာကြီးမှာတယ်ဆိုလို့ လိုက်လာတာပါ။ ရေစက်ဘာဖြစ်လို့လဲ။ တလောကမှ ကျွန်တော်ကိုင်ပေးခဲ့တာ မဟုတ်လား။"

"မပြောတတ်ဖူး။ ရှင့်ဆရာဟိုလူခေါ်ပြ၊ ဒီလူ့ခေါ်ပြနဲ့၊ ကျွန်မရှိနေလို့ တားထားနိုင်တာ"

"လိုတာလေးတွေ အကုန်လဲထားပြီးသားပဲ။ ပျက်စရာအကြောင်းမရှိဘူး။ တစ်ခုတော့ရှိတယ်။ ပစ္စတင် ကျပ်ချင်ကျပ်နေမှာ"

ပြောပြောဆိုဆို ကိုပေါက်တစ်ယောက် စက်ခါးပတ်ကို ဆွဲဆွဲပြီး၊ ဖလိုင်ဝှီးကို အကြိမ်ကြိမ်လှည့် ပေးလိုက်တယ်။ မီးခလုတ်ဖွင့်ပြီးစမ်းကြည့်တော့ ရေစက်က ပုံမှန်လည်လာတော့တယ်။

"ဆရာကြီးစက်က ဘာမှမဖြစ်ပါဘူး။ မကြာမကြာစက်ကို မောင်းပေးရတယ်။ စက်ဆိုတာမျိုးက လည်နေရမယ့်ပစ္စည်းမဟုတ်လား။ တစ်ပါတ်တစ်ခါလောက်တော့ မောင်းမောင်းပေးသင့်ပါတယ်။"

"ကိုပေါက်ရေ ခဏ၊ ဘယ်လောက်ပေးရမလဲ။"

"ဆရာကတော်ကလဲ။ ဘာမှပေးစရာမလိုပါဘူး။"

"ကျေးဇူးပဲ ကိုပေါက်"

"နောင် လိုတာရှိရင် အခေါ်လွှတ်လိုက်ပါ။"

မဆိုင်းမတွ ဇနီးသည်က ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

"မောင်မင်းကြီးသား သက်တော်ရာကျော် ရှည်ပါစေ"။ ။

❑



# မရှိမဖြစ် လက်ကိုင်ဖုန်း

၁

ဦးမင်းကျော်က အရာရှိအငြိမ်းစား။ သွင်းကုန်ပို့ကုန် လုပ်ငန်းရှင်၊ ပြည်တွင်းပြည်ပ ခရီးအထွက်များတယ်။ ဇနီး ဒေါ်စိန်ခင်က ကျောင်းဆရာမ အငြိမ်းစား။ လဲ့လဲ့က တစ်ဦး တည်းသောသမီး၊ တက္ကသိုလ်ကျောင်းသူ၊ ခြံနဲ့ဝင်းနဲ့၊ တိုက်နဲ့ တာနဲ့၊ ယာဉ်မောင်းနဲ့ ကျောင်းတက်နေတယ်။

တစ်နေ့နံနက် အဝတ်အစားလဲ၊ ဘုရားဝတ်ဖြည့်ပြီး အောက်ဆင်းလာနေတဲ့ အဖေလုပ်သူက လှမ်းပြောလိုက်တယ်။

"ဒီအသံ နေ့တိုင်းကြားနေရတယ်။ လက်ကိုင်ဖုန်း လူတိုင်းကိုင်နေတဲ့ဥစ္စာ၊ မင်းကဝယ်မပေးဘူး၊ တားတားနေ တယ်။"

"ရှင် ဘာသိလို့လဲ။"

"ဓာတ်ပုံရိုက်မလား၊ SMSသတင်းလှမ်းပို့မလား၊ သီချင်းနားထောင်မလား၊ ကုန်ကုန်ကွာ ဗီဒီယိုရိုက်မလား။"

"ရှင်ပြောမှလား၊ ကျုပ်လဲသိတယ်။"

"အမေကသိရဲ့သားနဲ့။ သမီးဘယ်သွားနေတယ်၊ ဘယ်ရောက်နေတယ်၊ ဘာလေးဝယ်ခဲ့၊ ဘာလေး လုပ်လိုက်မှာရပြုရမှာ မလွယ်ဘူးလားလို့။"

"တော်၊ ညည်းအကြောင်းမသိရင်ခက်မယ်။ ငါ့နောက်ကွယ်မှာ ယာဉ်မောင်းကို နောက်ထိုင်ခိုင်းပြီး ကား မောင်းနေတာလေ။"

"မင်းက သူ့ကို မလေးရှားတို့၊ စင်္ကာပူတို့ လွှတ်ဦးမယ်ဆို။ ကားမောင်း အလေ့အကျင့်တောင်ရသေး။"

"ရှင် ကျပ်ကျပ်အားပေး။ ကြိုးဖုံးတောင် နာရီနဲ့ ချိပြီးပြောနေတာ။ လက်ကိုင်ဖုန်း သာဝယ်ပေးလိုက်ရင် ရည်းစားမှိုလိုပေါက်သွားမယ်။"

လဲ့လဲ့ သူ့အမေနား ကပ်ထိုင်လိုက်တယ်။

"ကောင်မ ငါ့ လာချွဲမနေနဲ့။ အချက်အပြုတ်ကလေး ဘာလေးသင်ထား။ ယူမယ့်ကောင် ညည်းကို အလှ ကြည့်နေမှာ မဟုတ်ဘူး။"

ဇနီးသည် ကမ်းပေးတဲ့သွေးကျဆေးကို ဦးမင်းကျော်ရေနဲ့ မျှော်ချလိုက်တယ်။

"မင်း အတွေးမခေါင်နဲ့။ သူ ကလေးလေးမဟုတ်တော့ဘူး။ အရေးရယ်အကြောင်းရယ် အိုကွာ မင်းတစ်ခုခု ဖြစ်တယ်ထား။"

"ဖွဟဲ့ လွဲပါစေ။ ရှင်တို့လက်ကိုင်ဖုန်းဝယ်ဖို့ ကျုပ်က ရောဂါရရမှာလား။ သားအဖတွေရဲ့စိတ်ထားက အံ့ပတော်။"

"ငါက အကောင်းပြောနေတာကွ။ ဒါ ITခေတ်။

လက်ကိုင်ဖုန်းက ကြိုးဖုန်းလို မဟုတ်ဘူး။ ဘယ်အချိန် ဆက်ဆက် ဘယ်နေရာကဆက်ဆက်အရမ်းလွယ်တယ်။"

"အဖေ၊ ဖုန်းလာတိုင်း သမီးစိတ်ညစ်တယ်။ ယောကျ်ား လေးအသံဆို ဖုန်းချထားလိုက်တယ်။ အသံကျက်မိတဲ့ မိန်းကလေးဆိုရင် ခေါ်ပေးတယ်။ ပြီးတော့ မေးသေးတယ် ဘယ်သွားကြမှာလဲ၊ ဘာလုပ်ကြမှာလဲ၊ အမျိုးမျိုး အစ်မေး တယ်။ အမေ့ကို ရှင်းပြရတာ အရမ်းမောတယ်။"

ဒေါ်စိန်ခင် မဲ့ရွဲ့ပြတယ်။ ဦးမင်းကျော်က သမီးဘက်လှည့်ပြီး ပြုံးပြသွားတယ်။

## ၂

တစ်နေ့က လဲ့လဲ့မွေးနေ့၊ ဧည့်သည်တစ်ယောက်က လက်ကိုင်ဖုန်းတစ်လုံး လာပေးသွားတယ်။ မန္တလေးရောက်နေ တဲ့ အဖေ့လက်ဆောင်တဲ့။ လဲ့လဲ့ ဝမ်းသာလိုက်တာများ မျက်နှာကိုဝင်းလို့။ အမေကတော့ တဗျစ်တောက်တောက်နဲ့။

"ဟဲ့ကောင်မ၊ ရင်းနှီးတဲ့သူငယ်ချင်းကိုပဲ နံပါတ်ပေး။ တစိမ်းခေါ်ရင်မထူးနဲ့။ ရောက်တဲ့နေရာကနေ ငါ့ကိုဆက်။ ကြားလား။ ကြိုးဖုန်းရှိရဲ့သားနဲ့ ဒီအဖိုးကြီး ဝင်ရှုပ်နေပြီ လာပစေ၊ ငါ့အကြောင်း ကောင်းကောင်းသိမယ်။"

"အမေကလည်း ကြိုးဖုန်းကလိုင်းရှိမှရတာ။ လက်ကိုင် ဖုန်းက နေရာဒေသမရွေး ဘယ်ခေါ်ခေါ်ရတယ်။"

"တော် တော်။ ငါမြင်ယောင်နေသေးတယ်။ ဘယ် အကောင် ဘယ်အချိန် လာခေါ်မလဲမသိဘူး။"

"အမေက တစ်မျိုးပဲ။ အဆိုးမြင်ဝါဒီ။"

"ကောင်မ၊ ငါလုပ်လို့ သေတော့မယ်။"

၃

တက္ကသိုလ်ရောက်ရင် လူငယ်သဘာဝ ရည်းစားသနာထားတတ်စမြဲ။ လဲ့လဲ့လည်းမကင်းဘူး။ ကိုနိုင်ကသူ့ချစ်သူ။

"လဲ့ ကလဲကွာ။ နံပါတ်ပေးပါဆိုမပေးဘူး။"

"မောင်က အမေ့အကြောင်းသိသားနဲ့။ တစ်ချိန်လုံး ဖုန်းဆက်ပြီး ချက် (Check) လုပ်နေတာကို။"

"လူကိုဘာလို ဒီလိုကြည့်နေတာလဲ။ သွား။ မနေတတ်ဘူး။"

"ကြည့်လို့မဝဘူးကွာ။"

"ပြုံးစိစိနဲ့ ဘာစဉ်းစားနေတာလဲ။"

"ပုံပြင်ထဲက တာနောယက္ခဘီလူးအကြောင်း" အမေ့ဖုန်းမြည်လာတယ်။

"လဲ့ရေ ညည်းဘယ်မှာလဲ"

"လှလှတို့အိမ်မှာ။ စာစုကျက်နေကြတယ်။"

"အေး အေး။ ကောင်းတယ် ကောင်းတယ်။ အမေစိတ်ပူလို့လျှောက်လည်မနေနဲ့နော်"

"လူကြီးကိုလိမ်တာကောင်းလား။"

"အေး။ မကောင်းဘူး။ လဲ့သွားတော့မယ်။"

"နည်းနည်းမှ စလို့မရပါလား။ လဲ့စိတ်ဆိုးပုံကိုက ချစ်စရာလေး။"

"သွား၊ လိမ်ပြောတယ်။"

လက်ကိုင်ဖုန်းကို ပိတ်ထားပြီး နှစ်ဦးသား ခြံကွယ်မှ ထွက်လာကြတယ်။

၄

ဦးမင်းကျော်တစ်ယောက် သွေးအရမ်းတိုးနေလို့ လေယာဉ်နဲ့ မန္တလေးက ရန်ကုန်ပြန်လာတယ်။ လေဆိပ်ရောက်မဆိုက် သမီးဆီဖုန်းလှမ်းဆက်တယ်။ မရ။ အိမ်ဆက်တော့လဲ ကြိုးဖုန်းကပျက်နေတယ်။ တက္ကစီအငှားကားနဲ့ ရောက်လာတယ်။ ဇနီးသည်ဒေါ်စိန်ခင်ခမျာမှာ ခြေမကိုင်မိ လက်မကိုင်မိ။ သမီးကို လှမ်းခေါ်လို့မရ။ စက်ပိတ်ထားပုံရတယ်။ အခြေအနေအရ အထူးကုဆေးခန်း တင်ထားရပြီ။ နေစောင်းမှ လဲ့လဲ့ဆေးခန်းကို အပြေးအလွှားလာခဲ့တယ်။ စိတ်ထဲ မလုံမလဲနဲ့။ အမေလုပ်သူက မျက်စောင်းတထိုးထိုး။ ဆေးခန်းမှာမို့လို့။ အိမ်မှာဆို ဗိုက်ခေါက်ဆွဲ အလိမ်ခံရမှာက အသေအချာ။ အမေ့မျက်ဝန်းမှာ ဒေါသရိပ်ကအပြည့်။

"ငါမပြောဘူးလား။ လက်ကိုင်ဖုန်းကြောင့် ရည်းစားရမယ်။ အကြည်ဆိုက်ရင် ဖုန်းပိတ်ထားတယ်။ ငါခေါ်တိုင်း ဖုန်းမအားဘူး။ ဒါဘာသဘောလဲ။"

"မဟုတ်တာအမေရယ်။ လက်ကိုင်ဖုန်းဆိုတာမျိုးက လိုင်းမိချင်မှမိတာ။"

"အဟိ" ဆိုတဲ့အသံတောင် တိုးတိုးကလေး ထွက်သွားသေးတယ်။ ။



## သံယောဇဉ် အနှောင်အဖွဲ့

၁

အသက်ကလေးနည်းနည်းကြီးလာတာနဲ့အမျှ သွေးက ပိုပိုတိုးလာတယ်။ သွေးကျဆေး တစ်လုံးမျို၊ ဘုရားပန်းလဲ၊ တရားမမွှ အာရုံပြု၊ အစားအသောက် ဆင်ခြင်၊ အငန်လျှော့စား၊ အသက်ကို ဉာဏ်စောင့်တယ်မဟုတ်လား။

သားနှစ်ကောင်ထိန်းရတာ နွားသိုးထိန်းနေရသလိုပဲ။ ခေတ်ကာလ ကလေးတွေ ဘယ်လို ဖြစ်နေကြမှန်း မသိဘူး။ ကိုယ်ကငယ်ရာကကြီးလာတာပဲ။ ဒီအသက်အရွယ်မှာ ဘာဖြစ် တတ်တယ်ဆိုတာ အသိသား။ အပျံသင်ချိန် စွန်သုတ်သွားမှ ဒုက္ခ။

၂

အိမ်ကအဖိုးကြီးက ကလေးတွေဘာလုပ်လုပ် အပြစ် မမြင်ဘူး။ ဒီကပြောလဲသူမကြိုက်။ သတ္တဝါတစ်ခု ကံတစ်ခု၊ သူ့ဘဝသူ့အကျိုးပေးအတိုင်း ဖြစ်မတဲ့။ နွားသိုးကြိုးပြတ်လွှတ်

ထားရမလား။ တစ်ကောင်က ပြောင်ချော်ချော်၊ နောက်တစ်ကောင်က ကုပ်ကမြင်း။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ဆင်စီး မြင်းရံ ကြီးပွားတာကိုပဲ မြင်ချင်ကြတယ် မဟုတ်လား။

တက္ကသိုလ်တက်တုန်းက ကလေးတွေကျောင်းမပြီးမှာကို တွေးပြီး ကြောက်ရ။ ကျောင်းပြီးတော့ အလုပ်မမြဲမှာကို ကြောက်ရ။ ခေတ်ရေစီးကြောင်းကိုကြည့်။ အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အလုပ်ခွင် သင်တန်းတဲ့။ အမျိုးကိုစုံလို့။ သူများနိုင်ငံတွေမှာ ကုမ္ပဏီစရိတ်နဲ့ ပညာသင်စေလွှတ်တာတို့၊ အပန်းဖြေခရီး စီစဉ်ပေးတာတို့ ရှိတယ်ဆိုပဲ။

ဒီကကုမ္ပဏီတစ်ချို့လည်းမဆိုးပါဘူး။ ဆုငွေနှစ်စဉ်ချီးမြှင့်တဲ့ ကုမ္ပဏီရှိသလို၊ နယ်ဝေး အပန်းဖြေခရီး တစ်နှစ်တစ်ကြိမ် စီစဉ်ပေးတဲ့ ကုမ္ပဏီတွေလည်းရှိပါတယ်။ ခက်တာက ကလေးတွေ ယောက်ယက်ခတ်နေပုံကို ပြောတာ။ အရောင်းမြှင့်တင်ရေးဆိုလား၊ ဈေးရောင်းပွဲတော်ဆိုလား၊ ခုကာလ သားသမီးတွေက တစ်ရှန်းရှန်း တစ်ရှန်းရှန်းနဲ့။ ဖုန်းဆက်တယ်တဲ့၊ နာရီနဲ့ချီပြီးကြာတယ်။ ပြီးကို မပြီးနိုင်ဘူး။ သူတို့အဖေက ပြောတယ်။

"ဖုန်းကြေးကုန်ရုံပဲ။ အိမ်နေမြဲတာပေါ့ကွာ။ ရှိုးပွဲတို့၊ ကာရာအိုကေတို့သွားနေမှ မင်းမောမယ်။"

"ဖုန်းထဲ ဘာတွေမန်းမှုတ်နေကြလဲ မသိဘူး။"

"လူ့အကြောင်း လူ့လောကအကြောင်းရှိမှာပေါ့။ ဒါခေတ်ရေစီးကြောင်းလေ"

"အဲဒီခေတ်ရေစီးကြောင်းမှာ ရှင်သာမျောနေ။ ကျုပ် မသိတာမှတ်လို့။ အစည်းအဝေးတို့၊ ညှိခံပွဲတို့၊ ညစာစားပွဲ တို့၊ ခြေကိုရှုပ်နေတာပဲ။"

"အတွံ့အလှည့်၊ အပြန်အလှန် ညှိခံတာမျိုးက လူ့ကျင့် ဝတ်။ ဒါအလုပ် သဘောအရ ဆက်ဆံနေတာ။"

"ရှင်တို့အလုပ်က သန်းခေါင်သန်းလွဲ စားရင်းသောက် ရင်း လုပ်မှရတာလား။ အကြောင်းအမျိုးမျိုးပြ ကမြင်းကြော ထတာကို။"

"ဒီမှာ၊ လူ့ဘဝကရခဲတယ်။ ငါမငြင်းဘူး။ ဆင်းရဲတာ ချမ်းသာတာက ကံအကျိုး ပေး။ အေး၊ ညားတာကရေစက်ဆုံမှ။ ဒါဖူးစာ။ မင်းလည်းလိုက်စပ်နေတာပဲမဟုတ်လား။"

"တော်၊ ရှင်ပေါတောတော ပေါက်တော့်တော့် မလုပ် နဲ့။ ရှင့်လမ်းသာ အိမ်က ကောင်တွေလိုက်ရင် ကြီးပွားမယ် အားကြီး။ "

"နားငြီးတယ်ကွာ။" သူတို့ဖအေက တာဝန်မဲ့ခါချ သွားတာကိုပဲကြည့်ပါ။

## ၄

လျှောက်လှမ်းခဲ့တဲ့ခရီးကို ပြန်ပြောင်းစဉ်းစားကြည့် တယ်။ အဆင်ပြေတယ်လို့ ပြောရမှာပါ။ မရှိမရှားလေးပေါ့။ ရှေ့ဆက်မယ့်ခရီး အကြောင်းတွေးရင်း ရင်လေးတယ်။ သူတို့ အဖေက ကုမ္ပဏီ သူဌေးလူယုံ။ မိသားစုအပေါ် အနွံတာခံ တယ်။ ခုတလော အိမ်မကပ်ဘူး။ ခရီးထွက်တဲ့အကြိမ် တိုးတိုး

လာသလို အိမ်နဲ့အနေဝေးဝေးလာသလို ခံစားရတယ်။ ခြေလှမ်းများ ပျက်ချင်လာသလား။ ငွေနောက်လိုက်တာတော့ ဟုတ်ပြီ။ ငွေနံ့နဲ့အတူ အညှီနံ့က ကပ်ပါလာရင်ကော။ ဘာသားနဲ့မို့လို့။

တစ်ခါတလေ ငယ်သူငယ်ချင်းတွေနဲ့ ထွေရာလေးပါး ပြောဖြစ်တယ်။ သားရေးသမီးရေး သွေးသားအကြောင်း၊ အငယ်အနှောင်းအကြောင်း။ လူမှုရေးဖောက်ပြန်ပုံ စုံတကာ စေ့လို့။ မဒွေးတစ်ယောက် အိမ်အပြန်နှုတ်ဆက်ပုံကဒီလို။

"ဟောတော့၊ မေ့နေလိုက်တာ။ သူ မအိပ်ခင် ပြင်ထားရဦးမယ်။"

" ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။"

"မညစ်ပတ်နဲ့၊ ဒီကချကျွေးထားတာ သူအီနေပြီ။"

"လုပ်မနေနဲ့။ အိမ်ကဟာ အီသွားလို့ အပြင်ထွက်စား နေမှာစိုးရတယ်။"

၄

အိပ်ယာထဲ ဒေါ်မြင့်တစ်ယောက် အိပ်မပျော်။ နေ့လယ်က အိမ်မှုကိစ္စ၊ သွေးသားကိစ္စ ထွေရာလေးပါး စကာစမည် ပြောဖြစ်တဲ့အကြောင်း အတွေးထဲ ဝင်လာတယ်။ ခေတ်ကာလက တစ်မျိုးကြီးပဲ။ ပျော်တော်ဆက် ကလေးတွေက အရွယ်စုံ၊ ဆိုဒ်စုံ။ လက်ဖျားငွေသီးနေရင် ဖြူဖြူမဲမဲ၊ ပျိုပျိုအိုအို မရွေးကြဘူး။ ရတနာသိုက် အရှာထွက်နေလေရဲ့။ အချိုကလေး အချဉ်ကလေး မြည်းကြည့်ရာက အပူအစပ်စားမိလို့ ပိုးထိ

သွားတဲ့သူတွေ အကြောင်းလည်း ကြားကြားနေရတယ်။ ခြေလှမ်းမှားပြီး ဘဝပျက်သွားတဲ့သူတွေလည်း ရှိတယ်မဟုတ်လား။ ပစ္စက္ခ လူနေမှုပုံစံနဲ့ ကလေးတို့ အဖေကြီး နေပုံထိုင်ပုံကို မနောအာရုံထဲမှာ ဒေါ်မြင့် စပ်ဟပ်ချိန်ထိုးကြည့်တယ်။ အချိန်က သန်းခေါင်ယံလောက်ရှိမယ်။ တယ်လီဖုန်း ခေါ်သံကြားလို့ သားတွေကို နှိုးလိုက်တယ်။

"မာမီရေ မာမီရေ မာမီ။ ဒယ်ဒီ မန္တလေးမှာ မေ့နေလို့တဲ့။"

"ဟဲ့၊ သေပြီတဲ့လား။ ငါ ဖျာနဲ့လိပ်ပြီး သင်္ချိုင်းကုန်းပို့ပေးလိုက်မယ်။"

"ဟာဗျာ၊ အရေးထဲ၊ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။"

အတွေးနယ်ထဲမှာ လင်သားအပေါ် မကျေမချမ်း ဖြစ်နေချိန် ဒေါသအလျှောက် ထွက်သွားတဲ့ စကားအတွက် စိတ်မကောင်းဘူး။ ဒေါသကို သတိဆွဲပြီး၊ စိတ်ကို သမုဒယဘက်ကို လှည့်လိုက်တယ်။

"ဟိုက သွေးအရမ်းတိုးပြီး မေ့သွားတာ။ ခုသက်သာလို့ နက်ဖန်လေယာဉ်နဲ့ ပြန်လာမယ်အကြောင်း လှမ်းဆက်တာ။"

"ကဲ၊ ကဲ၊ သားတို့အိပ်ကြ။ မိုးလင်းမှ လေယာဉ်ကွင်းသွားကြိုဖို့ လုပ်ကြတာပေါ့။ အိပ်ရေးပျက် နေဦးမယ်။ သွားအိပ်ကြ။"

တရားမမွေ၊ အလှူဒါန၊ ချမ်းသာသုခဆိုတာမျိုးဟာ ဥစ္စာဓနရှိဖြစ်တာ၊ လင်သား၊ ဇနီးမယားဆိုတာက သမုဒယ

နှောင်းကြိုးနဲ့ စည်းထားတာ။ လင်ယောက်ျားစီးပွားအရှာ ကောင်းမှ မယားလုပ်တဲ့သူက တင့်တင့်တယ်တယ် နေနိုင်မယ်။ ကျောင်းကန်ဘုရား သွားနိုင်မယ်။

မိုးစင်စင်လင်းသွားတယ်။ ဘုရားရှေ့ အလင်းတိုင်၊ အမွှေးတိုင် ထွန်း၊ ပန်းရေချမ်း ဆက်ကပ်၊ ဘေးဘယာကင်းဝေး စေကြောင်း၊ အသက်ရှည်ပြီး ဘုန်းကြီးစေကြောင်း ဒေါ်မြင့် တစ်ယောက် ဆုတောင်းနေတော့တယ်။ ။

❑



# တတိယအရွယ် ဒုတိယဝေဒနာ

၁

နှင်းတို့မှာ အမေတစ်ခု သမီးတစ်ခု။ ဆယ်တန်းနှစ်တုန်းက အဖေဆုံးတယ်။ မိသားစုပင်စင်က စားမလောက်။ အမေအိမ်ဆိုင်တည်ပြီး ဝင်ငွေရှာတယ်။ အမြတ်အစွန်းနည်းရတဲ့အထဲ အကြွေးက ကျသေး။ စားဝတ်နေရေး ပြေလည်စေဖို့ မိနီမားကက်တစ်ခုမှာ အရောင်းစာရေးဝင်လုပ်ရင်း အဝေးသင် တက်ခဲ့ရတယ်။ ဝင်ငွေကို ငဲ့ပြီး အလုပ်ဆင်းရပေမယ့်၊ အလုပ်ခွင်ထဲမှာ စိတ်မချမ်းသာဘူး။ လုပ်သား အချင်းချင်း စာနာစိတ်မထား၊ အဘိဇ္ဈာစိတ် ပွားသူကများ။ ဒီအထဲ အပျောက်အရှအတွက် စိုက်လျော်ရသေး။

သူငယ်ချင်းအဆွယ်ကောင်းလို့၊ လရိပ်စားတော်ဆက်မှာ ဆည်းစျာ တီးဝိုင်းနဲ့ ညဦးပိုင်းမှာ အချိန်ပိုင်းသီချင်းဆိုဖြစ်သွားတယ်။ ငယ်ဂုဏ်ရယ်၊ ရုပ်ရည်ရယ်၊ အသံရယ်ကြောင့် ဧည့်သည်တွေရဲ့ အားပေးမှုကို ရခဲ့တယ်။ အဆိုကောင်း

ရုံတင်မက စန်းပါရှိနေလို့ 'နတ်နွယ်' ကေတီဗီကို ကူးလာခဲ့တယ်။

၂

နှင်းရဲ့ပရိသတ်ထဲမှာ ဦးရွှေကအကဲဆုံး။ သူကနိုင်ငံခြားသစ်ကုမ္ပဏီတစ်ခုရဲ့ အဝယ်တော်။ စီးပွားရေးလောကမှာ ကုန်သည်ပွဲစား ဘယ်ကလာလာ၊ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကပဲဖြစ်ဖြစ် ညှိခံရ၊ ကျွေးရမွေးရတာက အလုပ်သဘောအရထုံးစံ။ တေးဂီတအထုံပါရမီ နည်းနည်းရှိတဲ့အပြင် အဆိုကလဲ နည်းနည်းပါးပါး ရနေတော့။ ဦးရွှေ ကေတီဗီအကြီးအသေးအတော်များများ ရောက်ဖူးတယ်။ နတ်နွယ်ရောက်ခါမှ နှင်းနွယ်ရဲ့ အဖမ်းစားခံလိုက်ရတယ်။ နှင်းမှ နှင်း ဖြစ်နေတာ။ အမူအယာ၊ ဟန်ပန်နဲ့ အသံကို ဘယ်လိုကြိုက်မှန်းမသိ။ သဒ္ဒါရုံအသံကစခဲ့တဲ့ စွဲလမ်းမှုဟာ သဒ္ဒါရုံကိုကျော်ပြီး မောဟနယ်ထဲ ကျွံဝင်လာပါ လေရော။

အပေါင်းအသင်းတစ်ယောက် ဦးရွှေရဲ့စိတ်ကို ဆွကြည့်တယ်။

"ဆရာရွှေ တာနေဝှယကျွပုံပြင် ကြားဖူးတယ်နော်။"

"ဘီးလူးက အာခေါင်ထဲငုံ့ရုံတင် ငုံထားချင်တာ။ ကျုပ်က ဝါးစားချင်တာဗျ။"

"ဆရာရွှေက ကြီးမိုက်ပဲ။ ဟား၊ ဟား၊ ဟား။ "

တားမရတဲ့အဆုံး၊ အပေါင်းအသင်းရောင်းရင်းတွေရဲ့ အကျိုးဆောင်မှုနဲ့ နှင်းတို့သားအမိ ဆင်ခြေဖုံး တဲသာသာ

"ညည်းနော်၊ ညည်း၊ စဉ်းစဉ်းစားစားလေးလဲလုပ်။ ရေရှည်ကိုကြည့်။ ညည်းကို ညည်းပြန်ကြည့်။ ငါ့ကိုလည်း အပြစ်ဆိုချင်ဆို။ သားသမီးယူဖို့က ဘာလဲ။ ညည်းက မယား ပြိုင်လား။ မှားသွားမယ်နော်။ သတိထား။"

"သူ့အိမ်ထောင်ကို နှောင့်ယှက်နေလို့လား။ ပစ်ချင် ပစ်ပလေ့စေ။ သူ့ကိုယ်ပွားအနေနဲ့ ကလေးတစ်ယောက် သမီး လိုချင်တာပဲသိတယ်။"

"မ စိတ်ကို ငါသိတယ်။ မိခင်ဘ၀ကို တောင့်တတာ သဘာ၀ကျတယ်။ ဒါပေမယ့် လက်တွေ့မကျဘူး။ ညည်းလည်း ကြားဖူးသားပဲ။ ယောကျ်ားကောင်းမောင်းမ တစ်ထောင်တဲ့။ အိုင်တွေ့ရင် ခြေဆေးချင်မှာပဲ။ ရေနောက်နေရင် နောက် တစ်အိုင်မရှာဘူးလို့ ဘယ်ပြောနိုင်မလဲ။"

"စိတ်ညစ်တယ်။"

"ငါပြောမယ်။ ညည်း မီးသွားမမွေးနဲ့။ ပြဿဒ် မီးလောင်လိမ့်မယ်။"

## ၄

ရင်ဖွင့်ချင်လို့ ဦးရွှေ ကောင်းတိုင်ပင် ဆိုးတိုင်ပင် သူငယ်ချင်း နှစ်ယောက်ကို ရွှေနဂါးစားသောက်ဆိုင်ကို ချိန်းလိုက်တယ်။

"ဆရာရွှေ၊ ကားသစ်ကလေးနဲ့ ငြိမ့်နေမှာပဲနော်။"

"စိတ်ကုန်နေပြီ။ မောင်းတောင် မမောင်းချင်တော့ ဘူး။"

"ဘာလဲ။ စက်မကောင်းဘူးလား။"

"စိတ်မကောင်းတာဗျို့။ စိတ်မကောင်းတာ။ လူကို သေချင်စော်နံနေပြီ။ ဟိုကောင်မအကြံ ပက်စက်တယ်။ တားဆေးမှန်မှန် မစားထားလို့ ပြဿနာ တက်တော့မလို့။"

"စုဘူးပြည့်သွားပလား။"

"ကျွန်တော်ပြောတာ ဆရာရွှေ မှတ်မိလား။ အသိုက်ဖွဲ့တာတော့ဖွဲ့ပေါ့။ ဥ ချန်မထားဖို့ အရေးကြီးတယ် ဆိုတာလေ။"

"စောစောစီးစီးသိလို့ တော်သေးတာပေါ့ဗျာ။ အသိဆရာဝန်နဲ့ပြပြီး Menstrual Regulation ခေါ်တာပေါ် အောင် လုပ်ယူရတာပေါ့။။

"ဆရာရွှေ အဆက်ဖြတ်လိုက်ပြီလား။ "

"ဘယ်လိုပြောရမလဲ။ ချိတုံ ချတုံဖြစ်နေတယ်။ နှင်းကို သနားတယ်ဗျာ။"

"လက်စသတ်တော့ ဆရာရွှေက ပိုးဖလံအကြီးစားပဲ။ ဟား၊ ဟား၊ ဟား။ "

"ရှုးချင်တယ်ဗျာ။"

"နည်းတောင်နည်းသေး။" ။

❑



# ကြီးပွားရေး ဖြတ်လမ်း

၁

နေတာက စီးပွားရေးမြို့တော်ရဲ့ ဆင်ခြေဖုံးရပ်ကွက်။ ခြံနဲ့ ဝင်းနဲ့ စိုက်ခင်းနဲ့ အိမ်ဆိုင်နဲ့ ဇာတိက တောရွာ။ တစ်ခါက အဖွားတို့မှာ လယ်မြေဧကေ (၅၀)ကျော်။ ကျွဲတွေ နွားတွေ အကောင် (၄၀)လောက်။ တောသူဌေးတွေဆိုပဲ။ အဖေ့ကို အင်္ဂလိပ်အပြေး။ ဂျပန်အဝင် မွေးတာ။ ဒုတိယကမ္ဘာစစ်၊ ဂျပန်ခေတ်မှာ မဟာမိတ်တပ်တွေ လေယဉ်ပေါ်က ကျဲချခဲ့တဲ့ဗုံးဒဏ် လွတ်အောင် နီးစပ်ရာရာ ရွာနီးချုပ်စပ် ပြောင်းပြေးကြရ၊ စစ်ကြီးပြီးတော့ နေရင်းမြို့ပေါ် တစ်ခါ ပြန်အခြေချကြရ ဆိုလား။

စစ်ကြီးပြီးစမှာ အဖေ့ကို မြို့ပေါ်က ခရစ်ယာန်သာသနာပြုကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ဘော်ဒါသွားထားကြသေးတယ်။ တစ်နေ့အဖွားက အဖေ့အမနဲ့အတူ အဖေ့ကို မျက်ရည်တစမ်းစမ်းနဲ့သွားတွေ့တော့ အဖေက ဝမ်းနည်းပြီး ငိုသတဲ့။

စစ်အတွင်းမှာ အတန်းကျောင်းမတက်ဖြစ်။ အရွယ်က ကြီးပြီး၊ အတန်းကငယ်နေ။ ဒီအထဲဘော်ကြော့နေတဲ့ကလေး။ ကျောင်းမှာ အနေအထိုင် ကျပ်လို့ပိန်နေရော။ စိတ်မကောင်း ဖြစ်နေတဲ့ အဖွားက၊ ဘိုစာမတတ်ရင် နေပစေ။ ငါ့သားစိတ် ဆင်းရဲနေတာကို ငါ့မကြည့်ရက်ဘူး။ ငါ့ရှိတဲ့ပစ္စည်း ဒင်း တစ်သက်စားလို့ မကုန်ဘူး။ အဖေ့ကို ကျောင်းကနှုတ် အိမ်ပြန် ခေါ်လာတာတဲ့။

လွတ်လပ်ရေးရပြီး ဘာကြာလို့လဲ။ သူပုန်သူကန် ထလို့ တိုင်းပြည် မငြိမ်မသက်ဖြစ်။ နယ်မြေက မအေးချမ်း။ လူဆိုးသူခိုးရန်ကြောက်လို့ ရွာမှာ အခြေအမြစ်ရှိတဲ့သူတွေ မြို့ပေါ်တက်ပြေးကြရသတဲ့။ အဖိုးက အရင်ဆုံးတယ်။ နောက် အမေ။ အဖေ့အမ အပျိုကြီးကပဲ ငွေတိုးလေးပေး၊ ပစ္စည်း အပေါင်ခံ၊ အိမ်ဆိုင်တည်ပြီး လုပ်ကြွေးနေတာ အခုအထိပဲ။ အဖေက လူအေး။ အပူအပင် ဘာဆို ဘာမှမထား။ ဝင်ငွေ လည်း မယ်မယ်ရရမရှိ။ တစ်ခါတစ်လေ အိမ်ဆောက် အဖွဲ့နဲ့ လက်သမားလိုက်လိုက်။ အားတဲ့အချိန် အပေါင်းအသင်း တွေနဲ့ ချောင်းတွေ မြောင်းတွေထဲမှာ အပျင်းပြေ ကွန်ပစ်၊ ငါးရှာ ဖားရှာထွက်တယ်။

အဖွားရော၊ ကြီးမေပါ ပညာရေးအားပေးကြတယ်။ အသက်အရွယ် ငယ်တုန်း ပညာရှာသင့်တဲ့အကြောင်း ၊ ပညာဆိုတာ မြတ်ရွှေအိုး၊ ဥစ္စာဆိုတာ မျက်လှည့်မျိုး၊ ဆိုတဲ့ လူကြီးသူမစကားရှိတဲ့အကြောင်း အဖွားက တဖွဖွ ပြောတတ် တယ်။

၂

ဦးငွေဖြိုးနဲ့ ဒေါ်ရွှေခင်တို့ရဲ့ လုပ်ငန်းက အိမ်ခြံမြေ ရောင်းဝယ်ရေးနှင့် အိမ်ယာ တိုက်တာ ဆောက်လုပ်ရေး။ မိုးကျော်က သား၊ ဝေဝေက သမီး။ မိုးကျော်က နည်းပညာ တက္ကသိုလ်မှာ။ ဝေဝေက ကျွန်တော်နဲ့ စီးပွားရေးတက္ကသိုလ်မှာ အတန်းတူ။

အခြေခံကျောင်းတုန်းက သက်တူရွယ်တူကလေးတွေ နဲ့ အပေါင်းအသင်း လုပ်ခွင့် မရခဲ့ဘူး။ အတူကျက်ဖို့ ဂိုက် (Guide) ခေါ်ထားပေးတယ်။ အိမ်ထဲမှာ လှောင်ထားတဲ့ အချိန်ကများနေလို့ လူ့လောကအကြောင်း လူ့အသိုင်း အဝိုင်း အကြောင်း မသိရိုးအမှန်။ တက္ကသိုလ်ရောက်မှ လူ့အလွှာ ကွဲပြားပုံ၊ ကံအဟုန်၊ မာန်အဟုန် ကွဲပြားပုံတွေသတိပြုမိတယ်။

ပံ့ပိုးမှုအားကောင်းရင် ကောင်းသလို တက္ကသိုလ်ပုရိ ဝုဏ်ထဲမှာ ဝါသနာပါရာ စာပေ၊ အနုပညာ၊ တေးဂီတ၊ အားကစားဘက်မှာ ထူးချွန်ဖို့ အခွင့်အလမ်း အများကြီးရှိတယ်။ ဒီလိုပဲ နယ်စုံအလွှာစုံက ကျောင်းနေဘက်တွေနဲ့ ဆက်ဆံနေရ လို့၊ တကယ်လို့များ အပေါင်းအသင်းမှားခဲ့ရင်၊ လမ်းမှားလိုက် ဖြစ်ပြီး ကျောင်းမပြီးသွားတဲ့သူတွေလဲ အများကြီး။

တဘက်မှာ အရွယ်ကအတောင်အလက်စုံချိန်၊ အပျို သင်ချိန်မှာ လေဟုန် စီးချင်ကြတယ်။ တက္ကသိုလ်ဝန်းကျင် ကိုယ်၌က ကြိုး ကြိုးချင်း၊ အိုး အိုးချင်းအတူတူ တွဲထားတဲ့ အနေအထားမျိုး။ အချစ်ဇာတ်လမ်းအကြောင်း ကြားထားတာ တွေ၊ မြင်တွေ့နေရတာတွေက အားကျစရာ။

ပတ်ဝန်းကျင်ရဲ့ဖမ်းစားမှု၊ စေ့ဆော်မှုတွေဟာ လူတွေရဲ့စရိုက်ကို ပြောင်းလဲစေတတ်တယ်ဆိုတာအမှန်။ မရည်ရွယ်ပဲနဲ့ မျက်စိကစား တတ်လာတယ်။ ဘာကြောင့်မှန်းမသိ မျက်လုံးတွေက ဝေဝေကို လိုက်ရှာမှန်း သတိထားမိတယ်။ ဝေဝေနဲ့ အကြည့်ချင်း ခဏခဏဆုံသွားတယ်။ အပေါင်း အသင်းတွေရဲ့ အကျိုးဆောင်မှုကြောင့် ဝေဝေနဲ့ ချစ်သူဘဝရောက်ခဲ့တယ်။

၃

ပူအိုက်တဲ့နွေဘက်။ လသာတဲ့ည။ အိမ်နံဘေး၊ ဗူးစင်အောက်၊ ကွပ်ပျစ်ပေါ်မှာ ပုတီးစိပ်နေတဲ့ အဖွားကို မြင်တယ်။ ကွပ်ပျစ်ပေါ်လှဲအိပ်ပြီး အဖွားကို မတိုးမကျယ်ပြောဖြစ်တယ်။

"အဖွား၊ လောကမှာ ဘာလို့ဆင်းရဲ ချမ်းသာဆိုတာရှိလဲ"

" ဟဲ့၊ ဒါလေးများ၊ ရှင်းရှင်းလေး။ ကံ၊ ကံ၏အကျိုးပေး။"

"လူဖြစ်တာချင်းအတူတူ၊ အကျိုးပေးပုံချင်းက ဘာလို့မတူတာလဲ။"

"ဒီလိုရှိတယ်၊ အတိတ်ဘဝက ဒါနမျိုးစေ့ပါလာတဲ့လူတွေ ခုပစ္စုပ္ပန်မှာ ချမ်းသာတာပေါ့။"

"ဒါဖြင့်ရင် ချမ်းသာရာက ဆင်းရဲပြီး၊ ဆင်းရဲရာကနေဘာလို့ချမ်းသာ လာတာလဲ။"

"အကျိုးပေးတဲ့အချိန်ချင်းမတူလို့ပဲ။ ဟဲ့၊ ဟဲ့၊ နေဦး။ ငါ့မြေးကဘာလို့ ဒါတွေ မေးနေရတာလဲ။ မှန်းစမ်း။ အဖွားမေး

မယ်။ ငါ့မြေး၊ ငွေအသုံးလိုနေလို့လား။"

"သား စဉ်းစားနေတာ အဖွားရဲ့။ သူငယ်ချင်းတွေ ထိုင်း၊ စင်ကာပူ၊ မလေးလို နိုင်ငံတွေကို အလုပ် ထွက်လုပ်နေကြတယ်မဟုတ်လား။ သားလဲသွားချင်တယ်၊ ဒါပေမယ့် အဖွားတို့ တတ်နိုင် မတတ်နိုင် သားမသိဘူး။"

"ဘုရား၊ ဘုရား၊ နိုင်ငံခြားသွားချင်နေတာကိုး။ ဒီမှာ သားအကြံကို အဖွားမကန့်ကွက်ဘူး။ အချိန်မတန်သေးဘူး ထင်တယ်။"

"ဘာလဲအဖွား၊ ငွေမလွယ်လို့လား။"

"ဟင့်အင်း။ ငွေသိန်းအစိတ်၊ သုံးဆယ်လောက် အဖွား အချိန်မရွေးပေးနိုင်တယ်။ ဒါပေမယ့် ကျောင်းမပြီးသေးပဲနဲ့တော့ မလွှတ်ချင်ဘူး။"

မိမိအပေါ် အဖွားထားတဲ့ ဂရုဏာ၊ မေတ္တာ၊ စေတနာကြီးမားပုံကို တွေးနေမိတယ်။ တဘက်မှာ မိုးကျော် စင်ကာပူရောက်နေကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းမှာ အလုပ်ရကြောင်း၊ အိမ်ကို သိန်းချီပို့ပေးနေကြောင်း၊ မိမိကိုလဲ မိုးကျော်စင်ကာပူမှာ အလုပ်ရှာပေးနိုင်ကြောင်း ချစ်သူဝေဝေ့ ပြောစကားတွေကိုဘဲ ကြားယောင်နေမိတယ်။ ရှေ့ဆက်ဘာပြောရမှန်း မစဉ်းစားတတ်တာကြောင့် အသက်ရှူသံပြင်းသွားပုံရတယ်။ အိပ်နေတဲ့ ကျွန်တော့်ဆံပင်ကို အဖွားလက်ကလေးနဲ့ဖွပေးရင်း မေးတယ်။

"ငါ့မြေး စိတ်ပျက်သွားလား။ ဘာမှအားမငယ်နဲ့။ အဖွားကြောင့် ငါ့မြေးရဲ့အဖေ ပညာ မသင်ဖြစ်သွားတဲ့

အတွက် အဖွားစိတ်မကောင်းဘူး။ ငါ့မြေးတော့ အနည်းဆုံး ခေတ်ပညာတတ်ရမှာပဲလို့ အဖွား မျှော်လင့်ထားခဲ့တယ်။ ပညာ ပါရမီမပါလို့ စာမလိုက်နိုင်ဘူးဆိုရင်တော့ တမျိုးပေါ့။ နိုင်ငံခြားခရီး အဖွား မတားပါဘူး။ ”

“သားစာကောင်းကောင်းလိုက်နိုင်ပါတယ်။ သူများ တွေ သွားသွားနေကြလို့၊ ခေါ်တဲ့သူရှိတုန်း သွားဖို့စိတ်ကူး နေတာ။”

“အဖွားက ဘယ်သူ့ကိုမှဘာလုပ်ပါလို့ ဘယ်တော့မှ အကြံမပေးဘူး။ ကိုယ့်အဆုံးအဖြတ်နဲ့ကိုယ် ကိုယ့်လမ်း ကိုယ် ရွေး လျှောက်တာပဲမြင်ချင်တယ်။ နားလည်တဲ့လူတွေနဲ့ တိုင်ပင်ကြည့်၊ ဆုံးဖြတ်ပြီးရင်အဖွားကိုပြော။ ဟုတ်လား။”

“အဖွား၊ အဖွားမှာ ပိုက်ဆံတကယ်ရှိလို့လား။ ”

“ဟဲ့၊ ငွေရေးကြေးရေးခေါင်းထဲထည့်မထားနဲ့။ သားရဲ့ အဖေ၊ ကြီးမေတို့လဲ အသက်ရကြပြီ။ အဖွားတို့မှာ ငါ့မြေး အပြင်တခြားဘယ်သူရှိလဲ။ အဖွားဝှက်ထားတဲ့ ရွှေဒင်္ဂါးပြား တွေရှိတယ်။ သားဖြစ်ချင်တာ ဖြစ်စေရမယ်။ ကြားလား။ ”

ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ရင်ထဲတလှပ်လှပ် ဖြစ်လာလို့၊ အဖွားရင်ခွင်ထဲ ခေါင်းထိုးအပ်ပြီး ခဏမှိန်းနေ လိုက်တယ်။

## ၄

လက်ထောက်ကထိကအဆင့်က တက္ကသိုလ်အသိုင်း အဝိုင်းမှာ လူရိုသေ ရှင်ရိုသေရာထူး။ ဆရာလိုတစ်မျိုး အစ်ကို

ကြီးလိုတစ်မျိုး ကျောင်းသူ ကျောင်းသားတွေနဲ့ ဆက်ဆံခွင့်ရတယ်။ ရင်ဖွင့်သံတွေကို နားထောင်ရသလို အကြံဉာဏ်များပေးရတဲ့အခါမျိုးလဲ ကြုံတတ်တယ်။ အင်းလျားကန်စောင်း စားသောက်ဆိုင်တွေရှိတဲ့ဘက် လျှောက်လည်တော့၊ ဆရာဦးမောင်မောင်ကိုတွေ့လို့ ဆရာက ကျွန်တော်တို့ကို လှမ်းခေါ်တယ်။

"ဟော့၊ ငါ့ကိုရှာတယ်ဆို။ ဘာကိစ္စ။ ဆိုစမ်း နီးပြီးလား၊ ယူဖို့။" အတူလာတဲ့ သူငယ်ချင်းက ပြဿနာရဲ့ အစကို ဖေါ်ထုတ်ပေးလိုက်တယ်။

"ဆရာရေ ဒီကောင် လက်မဆက်ခင် နိုင်ငံခြားရောဂါ တက်နေတယ်။"

"ဘယ်လို၊ ဘာလုပ်ဖို့၊ ဘာကြောင့်ဆိုတာတွေ မေးရတော့မယ်။"

"သူ့ယောက်ဖလောင်းက စင်ကာပူက လှမ်းခေါ်နေလို့တဲ့။ သူ့အဆက်က မြှောက်ပေးနေတယ်။"

"အဟမ်း။ အခွင့်အလမ်းဆိုတာ ပေါ်ခဲတယ်။ Love အချစ်က တစ်သက်မှာ Once တစ်ခါပဲပေါ်တယ်။ chance အခွင့်အလမ်းက တစ်ကြိမ်မကပေါ်တတ်တယ်။ ပေးလာတဲ့ Opportunity အခွင့်အလမ်းကို အမိအရဖမ်းထားသင့်တယ်။ ဒါယေဘုယျသဘော။ လက်လွှတ်မလား။ နောက်တစ်ခုစောင့်မလား။ တစ်ခုပဲ ဘဝင်မကျဖြစ်နေတယ်။ ကျောင်းအပြီးစောင့်မလား။ မစောင့်ဘူးလား။"

"ကျွန်တော့်အဖွားက ကျောင်းပြီးရင် ဘာလုပ်လုပ်တဲ့။"

"ငါလဲဒီသဘောပဲရတယ်။ တစ်ခုသိချင်တယ်ကွာ။ မင်းအဆက်ဘက်က ငွေစိုက်မှာလား။ ကိုယ့်စရိတ်နဲ့ကိုယ်သွားရမလား။"

"ဆရာ အိမ်ကငွေနဲ့သွားမှာပါ။"

"ဒါဆို ပြဿနာမရှိဘူး။ ငါပြောမယ်။ ဘွဲ့ယူပြီးမှသွား။"

"ဆရာ့အကြံကောင်းတယ်။ အဖွားရဲ့ဆန္ဒလဲပြည့်မယ်။ ဝေဝေ့အလိုလဲလိုက်ရာ ကျမယ်။ ကျေးဇူးပဲ ဆရာရေ။"

ဆရာ့ကိုမေးလိုက်တဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ မေးခွန်းကဆန်းတယ်။

"ဆရာတို့အချစ်ကတစ်ကြိမ်တည်းပေါ်တာလား။ ပေါ်ပြီးရင်းပေါ်ရင်းပဲလား။"

"ဒီမှာ၊ မြဲမြဲမှတ်ထား။ ဆန္ဒနဲ့ ဘဝက တစ်ထေရာချည်း ကျချင်မှကျမှာ။ ဖူးစာကွ။ ဖူးစာ"။ ။

❑



# နာဂစ်မုန်တိုင်း ပုံပြင်

၁

တစ်နှစ် နှစ်နှစ်အတွင်း ကမ္ဘာကြီး ပူနွေးလာတဲ့သတင်း ပိုပိုပြီး ကြားလာတယ်။ ရာသီဥတု ဖောက်ပြန်ကြောင်း၊ လေပြင်း မုန်တိုင်းကျကြောင်း၊ မိုးခေါင်ကြောင်း၊ ရေကြီးကြောင်း၊ တောမီး လောင်ကြောင်း၊ မြေငလျင်လှုပ်ကြောင်း၊ မီးတောင်ပေါက် ကွဲကြောင်း၊ သဘာဝဘေးဒဏ်သတင်း အမျိုးမျိုး၊ စာနယ်ဇင်း တွေမှာ တွေ့ရတယ်၊ တစ်နှစ်က တောင်ဒဂုံမှာ လေဆင်နှာ မောင်းဝင်မွှေသွားပုံကို စာစောင်တွေမှာဓါတ်ပုံနှင့်အတူ ဝေဝေဆာဆာဖော်ပြကြပါတယ်။ မကြာသေးဘူး ပင်လယ်ပြင် မှာ ဆူနာမီလှိုင်းလုံးကြီးတွေထလို့ အင်ဒိုနီးရှားနိုင်ငံ အာချေး ကျွန်း၊ ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ကျွန်း၊ သီရိလင်္ကာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတောင်ပိုင်းမှာ အိမ်ယာ တိုက်တာ၊ လူသူ၊ ကျွဲ၊ နွားတိရစ္ဆာန်၊ လှေသမ္ဗန်၊ သင်္ဘော အများအပြား ပျက်စီး၊ သေကြေသွားကြောင်း သတင်းကြီးခဲ့တယ်။ ဧရာဝတီကျွန်း

ပေါ်ဒေသနဲ့ မြိတ်ကျွန်းစုတဝိုက်မှာ ဒီရေအတက်ကြမ်းလို့ အပျက်အစီး အနည်းအကျဉ်း ရှိခဲ့တယ်။

နာဂစ်မုန်တိုင်းတိုက်မယ့်အကြောင်း ၂၀၀၈ ခုနှစ်၊ နှစ်ဦးပိုင်းမှာ ကမ္ဘာ့မီဒီယာကတဆင့် သိရတယ်။ ပြည်တွင်းမှာလေဘေး သင့်တော့သင့်ဖူးတယ်၊ ကြာပြီ။ ပုသိမ်လေဘေး။ ရခိုင်လေဘေး ဆိုးဆိုးရွားရွားကြီးတော့မဟုတ်ဘူး။

ဒဂုံမြို့သစ်မှာ ဝန်ထမ်းတွေကို မြေကွက်တွေချပေးတဲ့အချိန်၊ မြေကွက်တွေက မြေနိမ့်ပိုင်း ဖြစ်ကြောင်း၊ လေကြောင်းကျလို့ လေပြင်းတိုက်ခတ်ကြောင်း၊ လူပြောသူပြောကြားရတယ်။ ၁၉၉၀ လောက်မှာ လေကြီးမိုးကြီးကျလို့ ခတ်တိုင်တချို့လဲတယ်။ အမိုးလန်သွားတဲ့ အိမ်တချို့ရှိခဲ့တယ်။ ဆောက်လက်စ အိမ်တွေများပြီး အချောကိုင်အပြီးသတ်ထားတဲ့ အိမ်ခြေကနည်းတော့၊ အပျက်အစီးရှိပေမယ့် အသေအပျောက် မရှိခဲ့ဘူး။ ကျွန်တော့်အိမ်က တိုက်ခံပျဉ်ထောင်နှစ်ထပ်။ ရေနုတ် မြောင်းကြီးနှစ်ခု၊ ပေတစ်ရာလမ်းမကြီးနံဘေး။ တောင်ဘက်မျက်နှာမူပြီး ဆောက်ထားတာ။ မိုးကြီးပြီး လေပါရင် လေတိုးတဲ့ဒဏ်နဲ့ မိုးပက်တဲ့ဒဏ်ခံရတယ်။

ဝါဆိုဝါခေါင် ရေထရက် ရေကြီးချိန် မိလ္လာကန်ထဲ ရေဝင်ပြီး ရေဆိုးတွေ တက်လာတတ်တယ်။ အောက်ထပ်အုတ်ခုံ နိမ့်နေရင် မလွယ်ဘူး။

၂

နွေမိုးဆောင်း ရာသီမရွေး အငြိမ်းစားအဘိုးကြီးတွေ ဒဂုံမြို့သစ်မှာ နေပူပူ၊ မိုးရွာရွာ၊ မနက်တိုင်း လမ်းလျှောက်ထွက်ကြတယ်။ သူ့အုပ်စုနဲ့သူ ရှေးဟောင်းနှောင်းဖြစ်တွေပြောကြ၊ ရယ်ကြ၊ မောကြ၊ တစ်လမ်းလုံး တဝါးဝါး တဟားဟားနဲ့။ ကျွန်တော့်အသက်က ၇၀-ကျော်လာလို့ စိုစိုစိစိ အအေးဒဏ် မခံချင်တဲ့အတွက် မိုးများရင် လမ်းမထွက်ချင်ဘူး။ မရ။ လူမစုံလို့ အိမ်ရှေ့ လာခေါ်တဲ့လူရှိတယ်။

စနေ၊ တနင်္ဂနွေနေ့တွေဆိုရင် လွှတ်ရည်ဆိုင် ထိုင်ဖြစ်ကြတယ်။ သတင်း ပုလင်း၊ အတင်းအဖျင်းအကုန်ကြားရတယ်။ တခါတလေ သဘာဝတရားကို မလွန်ဆန်နိုင်လို့ အနိစ္စသဘောနဲ့ ကိစ္စချောတဲ့ သတင်းကြားရရင် စိတ်ထဲ မကောင်းဘူး။ ကိုယ့်အလှည့်ကို သတိပေးနေသလို ဖြစ်နေတာကိုး။

မိုးလေဝသ သတင်းအရ နာဂစ်မုန်တိုင်း မြန်မာပြည်ထဲ ဝင်ချင်ဝင်လာနိုင်ကြောင်း၊ နှစ်တစ်ရာ လောက်မှာ မြန်မာပြည်မှာ မုန်တိုင်းကြီးကြီးမားမား မကျရောက်ခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသာ နှစ်စဉ်နှစ်တိုင်းဝင်လေ့ ရှိကြောင်း၊ ပူစရာမလိုကြောင်း ထင်ကြေးတွေ အမျိုးမျိုး ပေးခဲ့ကြတယ်။

တက္ကသိုလ်ငွေစာရင်းမှာလုပ်တဲ့ ချွေးမ နာဂစ်မတိုက်ခင် အကြိုနေ့ မနက် ၁၁ နာရီလောက် အစောကြီးပြန်ရောက်တယ်။ မေးတော့ မုန်တိုင်း သတင်းကြီးနေလို့ အိမ်ပြန်လွှတ်ကြောင်း၊ မူကြိုမှာထားတဲ့ သူ့သားနှစ်ကောင်ကို စိတ်မချလို့ ဝင်ကြိုတဲ့အကြောင်း၊ အရေးကြီးတဲ့ ပစ္စည်းတချို့ကို

သိမ်းဆည်းဖို့ ပြန်လာတဲ့အကြောင်း ပြောပြတယ်။ အဲဒီနေ့က မိုးအုံ့ဆိုင်းနေပြီး၊ ကောင်းကင်တပြင်လုံး အနီရောင်သန်းနေတာကို သတိထားမိတယ်။ ည ၁၁ နာရီလောက်မှာ လေပြင်းတိုက်ပြီး မိုးရွာတယ်။ တစစလေထန်ပြီး မိုးသည်းလာတယ်။ တဖြည်းဖြည်း တောင်ဘက်ကနေ လေ တဝူးဝူးအော်ပြီး တအားတိုက်တော့တယ်။

၂၀၀၈ ခုနှစ်ကနေ ၁၉၉၀ ပြည့်နှစ် အိမ်ဆောက်ဖြစ်တဲ့ကာလကို ပြန်ပြီးရေတွက် ကြည့်မယ်ဆိုရင် ၁၈ နှစ်လောက်ရှိပြီ။ အိမ်ရှေ့မှာစိုက်ထားတဲ့ သရက်၊ ပိတောက်နဲ့ ထင်းရှူးပင်တွေ ပေနှစ်ဆယ် အစိတ်လောက်ရှိတယ်။ လေတိုက်ပုံက သစ်ကိုင်းတွေကို လိမ်ချိုးပြီး အမြစ်ပါကျွတ်ထွက်အောင် ဆွဲနှုတ်တဲ့ပုံစံမျိုး။ သစ်ကိုင်းတွေ တဖျောင်းဖျောင်းကျိုးသံ၊ လေတိုးလို့ အိမ်မိုးသွပ်တွေ တဒိုးဒိုးနဲ့ ပြုတ်ကျသံ၊ ရေတံလျှောက်တွေ တဗိုးဗိုးနဲ့ ပြုတ်ကျသံတွေ ကြားနေရတယ်။ နံနက် ၂ နာရီလောက် လေနည်းနည်းငြိမ်သွားပြီး မိုးခဏစဲ သွားသေးတယ်။ 'ဘယ်အချိန် အိမ်ပြိုမလဲ' ဆိုတဲ့ စိုးရိမ်စိတ်နည်းနည်း သက်သာသွားတယ်။ တစ်အိမ်သားလုံး တစ်ယောက်မှ မအိပ်နိုင်ဘူး။ ကလေးတွေကို လှမ်းပြောမိသေးတယ်။ ဒို့အိမ်က ကံကောင်းတယ်လို့။

မနက် ၄ နာရီလောက်မှာ မီးရထားကြီး မိုင်ကုန်ဒုံးစိုင်းမောင်းလာတဲ့ အသံမျိုးနဲ့ တဂျုံးဂျုံးမြည်ဟီးပြီး မြောက်ဘက် အိမ်နောက်ဖေးဘက်က လေပြင်းတိုက်ပါလေရော။ တောင်ဘက်အိမ် ခေါင်းရင်းအပေါ်ထပ် ဘုရားခန်းမှာ

ကျွန်တော်ရပ်နေတုန်း၊ နောက်ဖေးဘက်အပေါ် ထပ်က အမိုး တခြမ်း ပြုတ်ထွက်ပြီး ကတ္တရာလမ်းပေါ် ကျသွားတယ်။ မိုးရေကြောင့် တစ်အိမ်လုံးမှာရှိတဲ့ ပစ္စည်း ပစ္စယ၊ ပရိဘောဂအားလုံး ရေစိုကုန်ရော။

အိမ်မှာ ဇနီးသည်မရှိတော့တမျိုးကောင်းသွားတယ်။ သူက သမီးတွေနဲ့ တောင်ဥက္ကလာက တိုက်ခန်းမှာ။ သူသာရှိနေရင် လေဒဏ်၊ မိုးဒဏ်နဲ့အတူ သူ့ရဲ့နှိပ်စက်တဲ့ဒဏ်ကိုလဲ ခံရဦးမယ်။

၄

'နွားသိုးနဲ့မိုး အစိုးမရ' ဆိုလား။ ဖြစ်လေရာအကြောင်း အကောင်းချည်းလို့သာ မှတ်ယူလိုက်ပါတယ်။ နံနက် ၅ နာရီ လောက်မှာ မိုးဖွဲဖွဲကလေးသာ ရွာတော့တယ်။ လေလဲမတိုက်တော့ဘူး။ လမ်းပေါ်မှာ လူတွေကို တစ်ယောက်စ နှစ်ယောက်စ တွေ့လာရပြီး။ လမ်းတစ်ဘက်တစ်ချက်မှာ စိုက်ထားတဲ့ မလေးရှား ပိတောက်ပင်တွေ အတော်များများလဲကုန်တယ်။ ဓါတ်ကြိုးပေါ် ပြိုလဲတဲ့ သစ်ပင်တွေကြောင့် ဓါတ်တိုင်တွေ လဲနေတာကို တွေ့ရတယ်။

ကတ္တရာလမ်းပေါ် ဒိုင်း၊ မျှားတန်းနဲ့ တွဲလျက်ကျနေတဲ့ သွပ်တွေကိုဆွဲဖို့ ကျွန်တော် ထွက်လာတယ်။ ကျွန်တော့်လိုပဲ ကိုယ့်အိမ်ဝန်းကျင် ကိုယ်ထွက် ကြည့်တဲ့လူတွေရှိတယ်။ ဟိုနား ဒီနားလျှောက်ကြည့်တော့ ကျိုးကျနေတဲ့ သစ်ကိုင်း တွေကို ဆွဲယူဖယ်ရှားနေတဲ့ လူငယ်လင်မယားကို တွေ့ရတယ်။

ကျွန်တော့်မျက်စိ ကျွန်တော့မယုံဘူး။ မျက်စိမှုံလို့ တလောကမှ မျက်စိခွဲထားတာ။ မျက်စိ မှောက်နေလားဆိုပြီး ကိုယ့်မျက်စိကိုယ်ပွတ်။ မျက်မှန်ကိုဖြုတ်၊ ပုဆိုးစနဲ့ သုတ်ပြီး ကြည့်တော့မှ ကောင်းကောင်းမြင်ရတယ်။

ယောက်ျားလုပ်တဲ့သူ ဝတ်ထားတာက ပန်းပွင့်တွေနဲ့။ တစ်ခါ မိန်းမလုပ်တဲ့သူကို ကြည့်ပြန် တော့အကွက်တွေနဲ့ ပုဆိုး။ ကိုယ့်ဇာနဲ့ကိုယ်ကိုး။ ရှက်သွားမှာစိုးလို့ မျက်နှာပိုး သတ်ပြီး မေးလိုက်ပါတယ်။

"အပျက်အစီးများသလား။"

သတိဝင်လာတဲ့ ကလေးမခမျာမှာ မိမိအဖြစ်ကို မိမိသိသွားပုံရတယ်။ လင်တော်မောင်ကို အိမ်ထဲအတင်း ဆွဲသွင်းရင်း နှုတ်ဆက်သွားတယ်။

"ဟိုက်၊ ဆရာကြီး"။ ။

❑



# ဒင်္ဂါးများ နှင့်မြှောစရာလား

၁

တစ်ခါတုန်းက နယ်တက္ကသိုလ်၊ ကောလိပ်တွေမှာ အဝေးသင်တက်သူတွေအတွက် အနီးကပ်ရက်တိုသင်တန်း တွေစီစဉ်ပေးပြီး၊ စာမေးပွဲစစ်ပေးရတယ်။ အဝေးသင်တက္က သိုလ်မှာ ပညာရပ်အလိုက်ဌာနတွေရှိတယ်။ ဘာသာရပ် အလိုက် ခန့်ထားတဲ့ဆရာတွေလည်းရှိတယ်။ ဒါပေမယ့် တပည့်နဲ့ဆရာ အချိုးမညီဘူး။ ဝန်နဲ့အားမျှအောင် နီးရာ တက္ကသိုလ်က ဆရာအင်အားကို ယာယီ ဖြည့်တင်းပေးရ တယ်။

ဆရာ၊ ဆရာမတွေ လုပ်ငန်းသဘောအရရော၊ ဝါသနာ အရရော ဆရာ လုပ်ရမှ နေသာ ထိုင်သာ ရှိကြတာ။ နယ်ဆင်း သင်ခွင့်ရရင် ဝမ်းသာကြတယ်။ ခရီးထွက်ရလို့ ဒေသန္တရ ဗဟုသုတတိုးတယ်။ တချို့လည်း ဖူးစာဖက်တွေ့ချင် တွေ့သွား တာ။

၂

ကျွန်တော်က မကြီးမငယ်။ သားနဲ့ မယားနဲ့။ ဇနီးသည်က ခရီးမထွက်စေချင်။ လူချင်း မခွဲချင်လို့မဟုတ်။ အိမ်ကပွဲ့ပိုးရမှာ ကြောက်လို့။ ရှားရှားပါးပါး ခရီးထွက်ခွင့်ရတာ။ ရောက်တုန်းပေါက်တုန်း ရပ်ဝေးမှာ အသိအကျွမ်းမရှိတဲ့နေရာမှ ခဏတဖြုတ် လွတ်လွတ်လပ်လပ်နေချင်တယ်။ အပန်းဖြေရုံပါ။ အသောက်ကလေး ဖက်တာများ၊ အဆန်းလုပ်လို့။

မှောင်ခိုခေတ် စန်းထနေတဲ့အချိန်။ တဖက်နိုင်ငံကနည်းမျိုးစုံနဲ့ တင်သွင်းလာတဲ့ လူသုံးကုန်တွေကို မော်လမြိုင်ကတဆင့် ရန်ကုန်သယ်ရတယ်။ ဟိုတုန်းက မှန်လုံကားမရှိ။ သံလွင်တံတားမရှိ။ မီးရထားသာ အားထားစရာ။ ပစ္စည်းဈေးက တကယ်တမ်း မော်လမြိုင်နဲ့ ရန်ကုန် သိပ်မကွာဘူး။ အနယ်နယ်က ကုန်အဝင်များတာရယ်၊ ဒီဇိုင်းရိုးသွားတာရယ်ကြောင့် ရန်ကုန်နန္ဒဝန်ဈေးမှာဈေးနှုန်းက ပိုလို့တောင်ချိုသေး။

ဌာနကမော်လမြိုင်တက္ကသိုလ်စေလွှတ်နေလို့ မသွားချင်တဲ့အကြောင်း ဇနီးသည်ကို ညည်း ပြလိုက်တယ်။ သူ ဒီအကွက်ကို ချောင်းနေတာကြာပြီ။ သူကိုယ်၌က မော်လမြိုင်သွားချင်နေတာ။ ဟိုမှာ သူ့အစ်မတစ်ဝမ်းကွဲရှိတယ်။ သူတို့ မိုင်ဒါကွင်းအထက်ဈေးမှာ ဆေးလိပ်မျိုးစုံလက်ကား ဆိုင်ဖွင့်ထားတာ။ အိမ်မှာ စက်သွေးသနပ်ခါးလုပ်ငန်းလည်းရှိတယ်။ လင်မယားနှစ်ယောက်စလုံး သဘော

ကောင်းမနေသကောင်း။ ဈေးသည်ပဲ။ အပြောအဆို မညက်ပဲ ရှိပါမလား။ ရန်ကုန်ဘက်လာတိုင်း အလည်ခေါ် နေကျ။

၃

မော်လမြိုင်သွားဖြစ်တယ်။ သူကသူ့အစ်မအိမ်။ ကျွန်တော်က တောင်ဝိုင်းမော်လမြိုင် တက္ကသိုလ်ဧည့်ရိပ်သာမှာ တခြားဆရာတွေနဲ့အတူ တည်းကြတယ်။

သူ့အစ်မယောက်ျားက ညနေဘက်လေးဘီးကားလေးနဲ့ရောက်လာတတ်တယ်။ ဟိုနားဒီနားသွား၊ ဘီယာလေးဘာလေးသောက်။ ပြန်ခါနီးတစ်နေ့ညနေ ကျွန်တော့်ကိုပြုစုလိုကြောင်း၊ စားသောက်ပြီးရင် လူကြီးကားသွားကြည့်မယ့်အကြောင်း အစွယ်တရားဟောတယ်။ ဒါများ။ ယောက်ျားပဲ၊ ပိုးကရှိပြီးသား။ ဆရာဖြစ်နေလို့ ရှုပိုးမထိုးအောင် မနဲ့ထိန်းနေရတာ။ အထူးသဖြင့် လူမိမခံနိုင်ဘူး လေ။

ဒီလိုနဲ့ နှုတ်ဆက်ပွဲကလေးအဖြစ်၊ စားသောက်ပြီးမယားညီအစ်ကို နှစ်ယောက်သား သစ်ခွဲစက်ထဲက ဗီဒီယိုရုံရောက်သွားကြတယ်။ ကားထိုးပြနေပြီ။ ရုံထဲမီးရောင်က ခပ်မှိန်မှိန်၊ အမှောင်ထဲ လူလုံးမကွဲဘူး။ ပြကွက်က ဖမ်းစားထားလေတော့ စကားပြောသံ လုံး၀၊ လုံး၀ကိုမရှိ။ ပကတိတိတ်ဆိတ်လို့။

ပြစက်ပိတ်ပြီး မီးဖွင့်လိုက်တော့၊ ဘာပြောကောင်းမလဲ။ တစ်ရုံလုံးအသိ တွေချည်း။ အကြံတူတွေ အများကြီး။ တစ်နေရာက အသံတစ်သံကြားမိတယ်။

"ဟာ၊ ဆရာပါလား" တဲ့။ အားလုံးအရှက်ပြေ ပြုံးစိ၊ ပြုံးစိနဲ့။

၄

ဘာကြောလို့လဲ။ ရန်ကုန်က သမီးဆီအလည်လာတဲ့ သူ့အစ်မ နှလုံးရောဂါကြောင့် သေသွားတယ်။ ကျွန်တော်တို့ လင်မယားနှစ်ယောက် ရေဝေးသုသာန်သွားပြီး အသုဘရှု တရားနာခဲ့ကြတယ်။

ရက်လည်ပြီးတစ်နေ့။ သူ့အစ်မယောက်ျား အိမ် အလည်လာတယ်။ သူ့မိန်းမကိုသတိရလို့ ပြောပြောပြီး ငိုလိုက်တာများ။ ဘီယာသောက်လိုက်။ သတိရလိုက်။ ငိုလိုက်။ ဘီယာထပ်ချလိုက်။ သူ့ကိုကြည့်ရတာ လွမ်းနာကျနေတဲ့ပုံ။ ခဲအိုရဲ့ အဖြစ်ကိုကြည့်ပြီး ကျွန်တော့်မိန်းမစိတ်မကောင်း။ သူကပြောတယ်။

"တွေ့လား။ သူ့မိန်းမ သူဘယ်လောက်ချစ်လဲ။"

"ငါကသူ့ထက်တောင်ပိုသေး။ မင်းမှာရွှေဒင်္ဂါး ဆယ်ပြားလောက်သာရှိခဲ့ရင်။"

"ရှင်ကလူယုတ်မာပဲ။ လူ့ထက်ရွှေကိုမက်တယ်။ သွား။"

ဧည့်သည်တွေပြန်တော့ မိန်းမကိုမေးကြည့်တယ်။

"မင်းအစ်မရဲ့ရွှေဒင်္ဂါးတွေ ဘယ်သူရလိုက်လဲ။ သူ့ယောက်ျား မရလိုက်ဘူးလား။"

"ရှင်မကြားလိုက်ဘူးလား။အလာမှာ အစ်မကရထား ပေါ်မှာ မေ့လဲသွားတာတဲ့။ ရွှေကြိုးဆွဲထားလျက် တွေ့တယ်။ ဒင်္ဂါးတွေကို မတွေ့ဘူးဆိုလား။"

"မင်းတို့အစ်မကလဲ တစ်မျိုးပဲ။ သွားလေရာ ဒီဒင်္ဂါး တွေကို သူနဲ့တပါးတည်း ယူသွားနေကျ။ စိတ်လိုရင် ဘော်လီ အင်္ကျီအိတ်ထဲက ထုတ်ထုတ်ပြသေး။ ခုတော့ ပျောက်ပြီ။ နှမြောစရာကြီး။"

"ရှင်လေ။ အစ်မအရွယ်ကောင်းတုန်း သေရှာတာကို မပြောဘူး။ လူကို တန်ဖိုးထား ရမှန်းမသိဘူး။"

"ငွေကအရာရာကို ကိုင်လှုပ်နိုင်တယ်။ ဘာမှတ်လဲ။ အမွေဆိုတာထိုက်မှရတာကွ။"

"ရှင်က ပစ္စည်းအရမ်းမက်တယ်။"

"ဟုတ်လား။ မင်းကကော။အေး မင်းဟာမင်း ရှာသုံး ကြည့်။ ငွေတန်ဖိုးကို သိသွားမယ်"

"အလုပ် လုပ်ကျွေးရမှာက ရှင့်အလုပ်။ လင့်ဝတ္တ ရား။"

"ဟော့၊ ဟော့၊ မလုပ်နဲ့-- ပုဆိုးကျွတ်တော့မယ်ကွာ။ ဒီမိန်းမ"။ ။

❑



# ဖြစ်ရပ်ဆန်းဆန်း တက္ကသိုလ်သင်တန်း

၁

၁၉၅၀-၁၉၆၀ ခုနှစ်တဝိုက်၊ တက္ကသိုလ်တွေမှာ ကမ္ဘာအရပ်ရပ်က နည်းပြများ၊ သရုပ်ပြများ၊ ကထိကများ၊ ပါမောက္ခများ ပို့ချပေးခဲ့ဘူးတယ်။ ဒီအထဲ ဝန်ဆောင်မှုစာချုပ်နဲ့ အိန္ဒိယနိုင်ငံက ငှားထားတဲ့ ဆရာတွေလဲရှိတယ်။ ဟိုတုန်းက သင်ကြားရေးဘာသာစကား (Medium of instruction) ကအင်္ဂလိပ်၊ အင်္ဂလိပ်စာနဲ့ စကားက ကမ္ဘာသုံး၊ အများသုံးဖြစ်ပေမယ့်လို့ ပြောတဲ့လူရဲ့ လူမျိုးနဲ့ လေယူလေသိမ်းကိုလိုက်ပြီး အင်္ဂလိပ်အသံထွက် မတူဘူး။ မိခင်ဘာသာစကားရဲ့ အငွေ့အသက်ကြောင့် အင်္ဂလိပ်က ထောပတ်သံ၊ မြန်မာက ငါးပိသံ၊ အိန္ဒိယက ပဲသံ ဝဲနေတတ်တယ်။

တစ်ခါက သင်္ချာပို့ချတဲ့ အိန္ဒိယဧည့်သည်ကထိကတစ်ဦးရဲ့အသံထွက်မှာ ပဲသံပါနေတော့ နားမယဉ်သေးတဲ့ မြန်မာကျောင်းသားတွေအတွက် နားမရှင်းဘူး။ ဘာသာစကားအခက်အခဲကြောင့် သင်ကြားရေး သင်ယူရေးအပိုင်းတွေမှာ

မထိ ရောက်ဖြစ်နေ။ တုန့်ပြန်မှုအားနည်းနေတာကို ဘဝင်မကျတဲ့ဆရာက အတန်းမှာ စာမေးတယ်။ သင်ခန်းစာနားမလည်ရတဲ့အထဲ စာအမေးခံရတဲ့ ကျောင်းသူ ကျောင်းသားက မကြိုက်။ တချို့က ပါမောက္ခကိုဆရာလဲပေးဖို့ သွားပြောကြတယ်။

ပါမောက္ခဆရာကြီးက သင်တန်းအခြေအနေကို နားစွင့်နေကြောင်း၊ ဧည့်သည်ကထိကမှာ ရွှေတံဆိပ်ရဘာသာရပ် နိုင်နင်းသူဖြစ်ကြောင်း၊ ပို့ချတဲ့ အကြိမ်များလာတာနဲ့အမျှ ပြောစကားကို နားယဉ်လာမှာဖြစ်ကြောင်း၊ ပို့ချချက်တွေကို သင်ပုန်းပေါ်မှာ ရေးပေးဖို့မှာကြားထားပြီးဖြစ်ကြောင်း၊ ဖျောင်းဖျပြောဆိုပြီး ဆရာတပည့် ဆက်ဆံရေးကို ပြေလည်အောင် ဖြေရှင်းပေးခဲ့တယ်။

## ၂

တစ်ခေတ်တစ်ခါက ရေခြားမြေခြားဆရာအများစုက အနောက်တိုင်းဝတ်စုံကို ဝတ်လေ့ရှိတယ်။ ဒီအထဲ မြန်မာပြည်ပေါက်သွေးနှောတဲ့ ဆရာတချို့က ဘောင်းဘီဝတ်လိုဝတ်။ မုတ်ဆိတ်ထားလိုထား။ အိမ်ရှင်နဲ့ဧည့်သည် ခွဲမရတဲ့အခါမျိုးလဲ ရှိခဲ့ဖူးတယ်။ တစ်နေ့ သင်္ချာဘာသာရပ်မှာပဲ ပြဿနာအသစ်တမျိုး တက်ပြန်တယ်။ အတန်းမနက် ခုနှစ်နာရီစတယ်။ ပို့ချတဲ့ ပုဂ္ဂိုလ်ကသူ့စတိုင်နဲ့သူ။ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မူတွေနဲ့။

ဆရာမုတ်ဆိတ် စင်ပေါ်တက်တက်ချင်း သူနဲ့ပါလာတဲ့ စာအုပ်စာတမ်းတွေကို စားပွဲပေါ်တင်။ သင်ပုန်းကိုကြည့်။ ရေးထားတာတွေ တွေ့ရင်ဖျက်။ ဘုတ်ဖျက်ကို စားပွဲပေါ်ပြန်ချ။ လျှောကျတဲ့ဘောင်းဘီကို ခါးလည် ပြန်ဆွဲတင်။ သူနည်းက ရေးရေးပြောပြော (Chalk and Talk ) နည်း။

တစ်နေ့သင်ပုန်းဖျက်ဖို့မော့ကြည့်တော့ ကဗျာလေးသွားတွေ့တယ်။ မျက်နှာချက်ချင်းနီသွားလို့ ကုလားထိုင်ပေါ် တအောင့်ပြန်ထိုင်တယ်။ ထိုင်ရာက ထပြီး ပီပီသသဗမာလို မေးတယ်။

"ဘယ်သူရေးတာလဲ။"

မမျှော်လင့်ပဲလူမျိုးခြားက ဗမာလိုပြောနေတော့ တစ်တန်းလုံး ငြိမ်ကျသွားတယ်။ ဘယ်သူမှ တုတ်တုတ်မျှ မလှုပ်။ သင်ပုန်းကို ဂရုတစိုက်ကြည့်သူက ခပ်ရှားရှား။ မဟုတ်ကဟုတ်က လက်ဆော့ထားတာ ရှိမှန်း အများသိ။ တရားခံကို ရှာတော့မှ အားလုံးရဲ့မျက်လုံး တွေက သင်ပုန်းပေါ် ရောက်သွားတယ်။ စာသားကိုဒီလို။

"မုတ်ဆိတ်နဲ့ကျင်စွယ်၊ ယဉ်တယ်လို့ထား။
တက္ကသိုလ်ကပျိုဖြူ ပါးပြင်ကယား။"

အသံမထွက်။ ရယ်ချင်စိတ်ကို ကြိတ်မှိတ်အောင့်အီးထားပုံရတယ်။ ဆရာမုတ်ဆိတ်ကဆုံးမတယ်။ "မြန်မာတွေယဉ်ကျေးကြောင်း၊ ဆရာ့ဂုဏ် သမားဂုဏ်ကိုလေးစားကြောင်း၊ နောင် စာပြောင်မရေး စေလိုကြောင်း၊"

"ဟော့တော့။ မုတ်ဆိတ်က ဗမာပဲ။"

ကျောင်းသူတစ်ယောက်ရဲ့ အာမေဋိတ်သံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်ပါတယ်။

၄

၁၉၆၀-၁၉၇၀ ဆယ်စုနှစ်လောက်မှာ နိုင်ငံခြားပြန် ဆရာ၊ ဆရာမတွေ တိုးလာတယ်။ အင်္ဂလန်ပြန်ဆရာက ဆေးတံခဲတယ်။ အမေရိကန်ပြန်ဆရာက လက်တိုရှပ်အင်္ကျီ ဝတ်ပြီး၊ နက်တိုင် လည်စည်းစည်းတယ်။ ဟိုခေတ်တက္ကသိုလ် ဆရာအများစုက ဘန်ကောက်ပုဆိုးနဲ့တိုက်ပုံ ဝတ်တတ်ကြ တယ်။

တက္ကသိုလ်နယ်ပယ်မှာ စာသင်ကောင်းတယ်လို့ ကျော်ကြားတဲ့ဆရာ တွေအများကြီး။ တဝါးဝါး တဟားဟားနဲ့ ပွဲကျအောင်သင်တတ်တဲ့သူတွေထဲမှာ မြန်မာစာကများတယ်။ အာဝဇ္ဇာန်းရွှင်တာ ကောင်းတာထက်၊ စကားပေါက်တာ ပိုပြီးအဓိကကျသလားလို့။

တစ်နေ့ ခန်းကျယ် (Theatre) မှာ ဆရာကြီးတစ် ယောက်က သူ့ပုံစံနဲ့သူ ရယ်စရာမောစရာတွေ ထည့်ပြီး သင်တယ်။ သင်တန်းသားတွေ ခန်းလုံးပြည့် ကြိတ်ကြိတ်ကို တိုးလို့။ ရယ်သံကတမျိုး။ ခါတိုင်းနဲ့မတူဘူး။ တခစ်ခစ် တခွီးခွီး။ မိန်းကလေးတွေက ပြုံးစိစိနဲ့။ တစ်ယောက်ကို တစ်ယောက် တံတောင်နဲ့တွက်လို တွက်။ ခြေထောက်နဲ့ လှမ်းတို့လို တို့။

ဆရာကြီးခမျာ သင်တန်းရဲ့တုန့်ပြန်မှုအားကောင်း တယ်လို့ ထင်နေပုံရတယ်။ ရယ်စရာတွေ ဆက်ပြောပေါ့။

ဒါနဲ့ အတန်းဖြုတ်ချိန် ခေါင်းလောင်းမြည်တော့၊ သူ့စာအုပ်စာတမ်းတွေကိုသူသိမ်းပြီး၊ စကားပြောစင် (Podinm) က ခွာတော့မယ်အချိန် သူသတိထားကြည့်တော့ ရှောတော ရှောတော ဘန်ကောက် ပိုးပုဆိုးက ကျွတ်ပြီး သူ့ခြေရင်းမှာ ကွင်းလိုက်ပုံကျနေတာကိုး။ ဒူးခေါင်းအထိရောက်တဲ့ အတွင်းခံချည်ထည်ဘောင်းဘီတို ကယ်လို့သာပေါ့။ သူ့အရှက်ပေါ်တော့မလို့။

## ၄

တက္ကသိုလ်မှာ နယ်စုံ၊ လူစုံ၊ အလွှာစုံ၊ စရိုက်စုံ။ လူငယ်တွေအတွက် သင်ဆရာ မြင်ဆရာတွေအများကြီး။ ဆရာ၊ ဆရာမတွေ အချိန်လေးစားကြတယ်။

အတန်းဝင်၊ အတန်းထွက် အရမ်းတိကျတယ်။ စာသင်တုန်း ဈာန်ဝင်ရင် မလွယ်ဘူး။ အရိပ်သုံးပါးမကြည့်။ အဆက်တွေ စကြိန်ပေါ်ကော်ရီဒါမှာ အရိပ်တပြပြလုပ်နေတော့ စာဘယ်စိတ်ဝင်စားကြမလဲ။ ပြေးတွေ့ချင်နေကြတာ။ တဘက်မှာ စာသင်ဖို့တံခါးဝမှာ စောင့်နေတဲ့ဆရာကိုလဲ အားမနာတတ်။

တစ်နေ့ ကျွန်ကြီး၊ အရှက်ကြီးတဲ့အပျိုကြီးဆရာမတစ်ယောက်ရဲ့ အတန်း။ သူက စံတော်ချိန်နဲ့ အလုပ် လုပ်တာ။ အတန်းဖြုတ်ခေါင်းလောင်း မြည်တယ်။ ဆရာကြီးတစ်ယောက် အတန်းယူဖို့ တံခါးဝရောက်နေပြီ။ စင်ပေါ် (Stage) စားပွဲ (Table) နောက်၊ ကုလားထိုင်ပေါ်ထိုင်ရင်း စာသင်တဲ့

ဆရာမ ထိုင်ရာကမထ။ အတန်းတက်ခေါင်းလောင်းမြည်ပြီး ဆရာမက ထိုင်မြဲ ဆက်ထိုင်နေတယ်။

အခန်းအပြင်ဘက်၊ စာအုပ်နဲ့ မြေဖြူဘူးကိုင်ပြီးရပ်နေတဲ့ ဆရာကြီးကိုတွေ့တဲ့ ဆရာမလေးတွေက ဆရာမဆီသွားကြတယ်။ မိန်းမချင်း မိန်းမကိစ္စ ပြောဖြစ်တယ်။ ဆရာမလေးတစ်ယောက်က ဆရာကြီးကို အကျိုးအကြောင်း ရှင်းပြတယ်။ နောက်တစ်ယောက်က ထဘီအပို တစ်ထည် သွားယူလာတယ်။ ပြဿနာတက်နေတဲ့ဆရာမက ထဘီပေါ် ထဘီထပ်ဝတ်ပြီး၊ ဘာမပြောညာမပြော စင်ပေါ်က ပြေးဆင်းလာတယ်။ ရုံးခန်းပြန်ဖို့ခြေလှမ်းပြင်နေတဲ့ ဆရာကြီးနဲ့ လူချင်း တိုက်မိပါလေရော။ လူတော့မလဲဘူး။ လက်ထဲကိုင်ထားတဲ့ စာအုပ်နဲ့ မြေဖြူခဲတွေ လွင့်စင်သွားတယ်။ ကိစ္စမရှိဘူး။ ဆရာကြီးက စိတ်ဆိုးလွယ်၊ ပြေလွယ်တဲ့ လူစားမျိုး။

ဆရာမကလဲ ဆရာမပဲ။ သူ့ရက် သူ့အချိန်ကို သူမသိမဟုတ်။ အချိန်တိကျတဲ့သူပီပီ အတန်းချိန်အမီ အိမ်ကအပြေးအလွှားထွက်ခဲ့တာ။ လောကြီးနေလို့ ဆောင်ထားသင့်တာတွေမဆောင်၊ ယူသင့်တာတွေ မယူ ထားဖြစ်။ ဒါ့ကြောင့် လူပြောသူပြောကိုဖြစ်လို့။ လူတွေတစ်ယောက်ကို တစ်ယောက်မေးငေ့ါပြကြတယ်။

သဘောပေါက်တယ်နော်။ ဟိ၊ ဟိ။ ။

❑



# ဟွန်းမတီးရ ရပ်ဝန်း

၁

နယ်မြို့ကလေးတစ်မြို့။ ဒီမြို့မှာ တစ်နေ့ တက္ကသိုလ်လာဖွင့်တယ်။ အစပိုင်းမှာ ဝိဇ္ဇာနဲ့ သိပ္ပံဘာသာရပ်တွေကိုပဲ သင်ပေးတယ်။ ဆေး၊ စက်မှု၊ စီးပွားရေး၊ ကွန်ပျူတာတို့လို အသက်မွေးဝမ်း ကျောင်းဘာသာရပ်တွေကို ယူလို့ မရသေးဘူး။ ရန်ကုန်သွားတက်ရတယ်။

စီးပွားရေးရောက်တော့ သန္တာက ကျွန်တော်တို့မြို့က မှန်းသိရတယ်။ လူချင်းမျက်မှန်းတန်းမိပေးမယ့် ခေါ်ခေါ် ပြောပြောတော့မရှိဘူး။ ဒုတိယနှစ်မှာ သူငယ်ချင်းအတွဲတွေ ကိုယ်စီရကြပြီ။ သူများနည်းတူ ဇာတ်လမ်းကလေးတော့ ဖန်တီးချင်သား။ လူငယ်ပီပီ အားတော့ကျပါရဲ့။ သတ္တိမရှိဘူး။ လူကဲခတ် မှားသွားမှာကို အရမ်းကြောက်တယ်။

တတိယနှစ်စာမေးပွဲကြီးနီးလာပြီ။ သန္တာမှာ ရည်းစားရှိတယ်လို့ သတင်းမထွက်ဘူး။ အကြည့်ချင်း ဆုံတဲ့အခါလဲ ရှိတယ်။ စိတ်ဝင်စားတဲ့ပုံ သူမပြဘူး။ စတုတ္ထနှစ်ရောက်

လာပြီ။ သန္တာ့ပုံ တမျိုးဖြစ်လာတယ်။ ရင့်ကျက်လာသလိုလိုပဲ။ ပြုပြုပြင်ပြင်နေတတ်လာပြီ။ ဖေါ်ဖေါ်ရွေရွေ ဆက်ဆံလာတယ်။ ကျွန်တော့် မိဘအကြောင်းကို သူသိနေတယ်လို့ ပြောတယ်။ သူ့အနားသီ၊ သူ့ကိုပိုးပန်းနေတဲ့ သူတွေရှိတာကိုပဲ သတိထားမိတယ်။ စစ်နဲ့အချစ်မှာ လက်ဦးမှုကအဓိက မဟုတ်လား။ အခါမနှောင်းခင် ချစ်ရေးဆိုထားမှ။ ကျောင်းနေဘက် သူငယ်ချင်း ကျော်စွာကြောင်းပေးတဲ့ လမ်းကြောင်း။

"သန္တာက ငါ့မိဘအကြောင်း သိတယ်လို့ ပြောတယ်ကွ။"

"ဟုတ်လား။ ဒါဆိုပွဲပြီးပြီ။"

"ဘာဆိုင်လို့လဲ။"

"စိတ်ဝင်စားကြောင်း နိမိတ်ပြတာကောင်ရ။ ငတုံးရဲ့။"

စတုတ္ထနှစ်မှာ ကျွန်တော်နဲ့ သန္တာ မကြာမကြာ တွေ့ဖြစ်ကြတယ်။ စာမေးပွဲဖြေပြီးချိန်မှာ ဖွင့်ပြောတော့ မငြင်းဘူး။ ဒါပေမယ့်၊ သူ့အမေရဲ့ဆန္ဒကို သူမလွန်ဆန်နိုင်ဘူးလို့ စကားကို ထစ်ထားလိုက်တယ်။

## ၂

သန္တာနောက်ဆုံးနှစ်စာမေးပွဲဖြေဆိုပြီးတဲ့အချိန် ကိုယ့်မြို့ကိုယ့်ရပ် ရထားနဲ့ပြန်တယ်။ ကျွန်တော်လဲ ပါတယ်။ ဘူတာမှာ သန္တာ့အမေလာကြိုတယ်။ သန္တာက ကျွန်တော့်ကို သူ့အမေနဲ့ မိတ်ဆက်ပေးတယ်။

"အန်တီ၊ ကျွန်တော်က ကထိကဦးမျိုးသန့်၊ ဒေါ်နုနုရဲ့ သား၊ မျိုးတင့်ပါ။"

"ဟုတ်လား၊ သားတို့မိဘတွေက အန်တီတို့နဲ့ ရပ်ဆွေရပ်မျိုးတွေပဲ။ မတွေ့ဖြစ်တာတော့ နည်းနည်း ကြာပြီ။ အိမ်လဲလာလည်ပါဦး။"

ညဘက် သန္တာဖုန်းဆက်တယ်။

"ကိုမျိုးရေ၊ ပြဿနာပဲ။ မေကြီးတို့ဇာတ်လမ်းက ကိုးရီးယားဇာတ်လမ်းတွဲလိုပဲ။ ပေရှည်တယ်။"

"ဟော့၊ ဆက်ပြောလေ။ ဇာတ်ထုပ် ခင်းပြမှပေါ့။"

"ဖုန်းထဲဘယ်လိုလုပ်ပြောလို့ရမလဲ။ တစ်နေရာရာ ချိန်းလေ။ ဒီလိုလုပ်။ နက်ဖန် တက္ကသိုလ်ကင်တင်း 'ဆည်းဆာ' မှာ ၁၀ နာရီစောင့်နေ။ တွေ့မှပြောတော့မယ်"

"တွေးပူပြီး အိပ်ရေး ပျက်တော့မှာပဲ။"

"မေကြီးနိုးနေပြီ။ နောက်မှဆက်တော့မယ်။ ကျွတ်။"

ဖုန်းထဲကနေ သန္တာ မွှေးမွှေးပေးသွားတယ်။

## ၃

'ဆည်းဆာ'မှာတွေ့ဖြစ်တယ်။ ဇာတ်လမ်းက ဒီလို။ သန္တာ့အဖေ ဦးအောင်မင်း၊ ကျွန်တော့် အမေဒေါ်နုနုနဲ့ ဦးငွေသိမ်းတို့က အထက်တန်းမှာ ကျောင်းနေဘက်တွေ။ ဦးအောင်မင်းရဲ့မိဘများက အုတ်သဲကျောက်ရောင်းပြီး၊ ဦးငွေသိမ်းရဲ့မိဘများက ကားဝပ်ရှော့ထောင်ထားကြတယ်။ ဒေါ်နုနုကို အပြိုင်ပိုးကြတော့ သန္တာ့အဖွား မြို့အုပ်ကတော်က

မြို့ခံလူငယ်တွေကို လုံးဝ၊ လုံးဝမကြိုက်။ ချိုးချိုးဖဲ့ဖဲ့ပြော။ ဒေါ်နုနုကိုတစ်ဖက်က သူစိမ်းတစ်ရံစာတက္ကသိုလ်က နည်းပြဆရာလေး ဦးမျိုးသန့်ကို အမွှမ်းတင်။ ရမယ်ရှာ အိမ်ကိုအလည်ခေါ်။ ဒေါ်နုနုနဲ့နီးစပ်အောင်လုပ်။ အကွက်ဆင်။ မကြာဘူး။ ကျွန်တော့်အဖေ ဦးမျိုးသန့်နဲ့ ကျွန်တော့်အမေဒေါ်နုနုကို အိမ်ထောင်ချပေးလိုက်ပါသတဲ့။

"ကိုမျိုးရဲ့အဖွားက သန္တာ့အဖေကို ဘယ်လိုနှိမ်သလဲတဲ့။ ကြားချင်တယ်ကွာ။"

"သိချင်ရင် ကိုယ့်အဖွား ကိုယ်ပြန်မေးပါလား။"

"သန္တာကလဲကွာ။ အတင်းအဖျင်းဆိုတာမျိုးဟာ၊ တဖက်သားပြောမှ နားထောင်လို့ကောင်းတာ။ ပြောပြပါကွာ။"

"ဟို၊ အုတ်သဲကောင်သား၊ ရုပ်ကိုကြည့်ပါလား။ ဖုန်အလိမ့်လိမ့်နဲ့။ ကြီးပွားမယ် အားကြီး ထွီ။ တဲ့။"

"ရည်းစားလုဘက် ဦးငွေသိမ်းကိုရော ဘယ်လို့ရှုံချသတဲ့လဲ။"

" ဟို၊ ကားစုတ်ပြင်တဲ့ကောင်ရဲ့သားကရှိသေး။ ချေးပေ။ စက်ဆီ စက်ချေးနဲ့ လူမွေးတောင်ပြောင်လို့လားတဲ့။"

"သန္တာကို အိမ်အလည်ခေါ်မှ။"

"တော်ပြီ၊ ကြောက်တယ်။ ဟော့တော့၊ အိမ်ကကားနဲ့တူတယ်။ ဖေကြီးများလား မသိဘူး။ ဘုရား၊ ဘုရား။"

ဆိုင်ရှေ့ကားထိုးရပ်တယ်။ သန္တာ့အဖေနဲ့လူတချို့ဆင်းလာတယ်။ သန္တာတို့နဲ့ပက်ပင်းတိုးတော့တာပဲ။

"ဟေ၊ သမီးတို့ပါလား။ ဒါတက္ကသိုလ်ကငွေစာရင်းမှူး၊ ဒါပြင်ထိန်းအင်ဂျင်နီယာ။ သူကကျွန်တော့်သမီး။ စီးပွားရေး နောက်ဆုံးနှစ်။ အဖေတို့စကားပြောစရာ ရှိသေးတယ်။ သမီးတို့သွားကြ။"

၅

ကျော်စွာရောက်လာတယ်။ အိမ်ရောက်ရောက်ချင်း ကျွန်တော့်အမေက သူငယ်သူငယ်ချင်းတစ်ယောက်နဲ့ ခွဲမရ အောင်တူကြောင်းပြောပြတယ်။ ကျော်စွာက သူ့အဖေ ဦးငွေသိမ်းက ဒီမြို့ဇာတိ ဖြစ်ကြောင်း၊ ရန်ကုန်မှာ မိဘ လက်ငုတ်ဖြစ်တဲ့ ကားဝပ်ရှော့လုပ်ငန်းကို ဆက်လုပ်နေ ကြောင်း ရှင်းပြတယ်။ ကျွန်တော့်အမေက အဖြစ်အပျက်တွေက အိမ်မက်ဆန်ကြောင်း၊ ကျော်စွာရဲ့အဖေက တကယ်တမ်း သူ့သူငယ်ချင်းဖြစ်ကြောင်း၊ ကလေးတွေချင်း ဒီလိုဖြစ်ကြ မယ်လို့ လုံးဝမျှော်လင့်မထားကြောင်း၊ မိမိကိုလည်းမိဘလို သဘောထား စေလိုကြောင်းဝမ်းပန်းတသာပြောရှာတယ်။ သူငယ်ချင်းနှစ်ယောက်သာ တကြိတ်ကြိတ်။ ညဘက်တော်ရုံနဲ့ မအိပ်ဖြစ်ကြဘူး။ သကြ်န်အကြိုနေ့ သန္တာဖုန်းဆက်တယ်။

"ကိုမျိုးရေ ဖြိုးနန္ဒရဲ့အန္တရာယ်က ကြီးကြီးလာပြီ။ အဖေကြီးကအရမ်း အရေးပေးတာပဲ။ တစ်ချိန်လုံး သန္တာ့ကို သူနဲ့ချည်းထည့်ထည့်ပေးနေတယ်။ သူကလဲမခွာဘူး။ လစ်ရင် မျှော့လို တွယ်မဲ့ အစားထဲက။"

"ဘာလဲ၊ ယိုင်လာပြီးလား။"

"အေး၊ လိုက်သွားမလို့။ ဒီက သူ့ကိုညာတာ။ ညာမှန်းကို မသိဘူး။"

"စတာပါကွာ။ စိတ်မဆိုးပါနဲ့။ နော်။ နော်။"

"ဒါသေရေးရှင်ရေးကိစ္စ။ တစ်ခုခု ဆုံးဖြတ်။ ဒါပဲ။"

"ဆောရီးကွာ။ ဆောရီး။"

"မေကြီးကဖြိုးနန္ဒရဲ့ဇာတာတောင်းထားတယ်။ နေ့နံစစ်ပြီး မင်္ဂလာရက် သတ်မှတ်မလို့တဲ့။"

"နှစ်ဆန်းတစ်ရက်၊ ည ၁၂ နာရီ လာခေါ်မယ်။ ဟုတ်လား။"

"အင်း၊ သူ့ကိုယုံလို့ ပုံအပ်မှာနော်။"

"သန္တာကို အရမ်းအရမ်းချစ်သွားပြီး။ ကျွတ်။"

"သွား၊ တံထွေးစင်တယ်။။"

## ၆

နှစ်ဆန်းတစ်ရက်။ နှစ်သစ်မှာ ဘဝသစ်စဖို့အရေး ကြံလိုက်ဖန်လိုက်ရတာ။ သန္တာ့ကို သဘောကျကြောင်း အမေ့ကိုအရိပ်အမြွက်လောက် ပြောကြည့်တယ်။ အိမ်ထောင်ပြုဖို့ စောသေးကြောင်း ရပ်တည်ဖို့ ဝင်ငွေကိုအရင်စဉ်းစားသင့်ကြောင်း၊ အခြေအနေပေးလာတော့မှ အိမ်ထောင်ဘက်ကို ရွေးသင့်ကြောင်း ပရိယာယ်နဲ့ အလိမ္မာသုံးပြီး စကားကို လှီးလွှဲပစ်လိုက်တယ်။

ဒီဒေး။ နှစ်ဆန်းတစ်ရက်။ ည ၁၂ နာရီ။ ကားတင်ဖို့အရေး အရင်းနှီးဆုံး သူငယ်ချင်းငါးဦးနဲ့ တိုင်ပင်ပြီး အစီအစဉ်ဆွဲတယ်။ ဘယ်မှာဘယ်သူတွေဘာ တာဝန်ယူ။ ကားရဲ့ကြံ့ခိုင်မှုအပိုင်းက ကျော်စွာ့တာဝန်။

အချိန်အချက်လုပ်ထားတဲ့ညရောက်ပြီ။ အခါတွင်း ရေကစားထွက်သူတွေ၊ ဥပုသ်သီတင်း စောင့်သူတွေ၊ အလှူအတန်း ကုသိုလ်ကောင်းမှုပြုသူတွေ ခြေကုန်လက်ပန်း ကျပြီး တစ်မြို့လုံး အိပ်မောကျနေတဲ့အချိန်။ မမောနိုင်၊ မပန်းနိုင်၊ မအိပ်နိုင်တဲ့လူသိုက်က ကျော်စွာတို့အုပ်စု။

မီးကင်းသံချောင်း ၁၂-ချက်မြည်တယ်။ သန္တာတို့ရဲ့ အိမ်ရှေ့မှာ ကားလေးတစ်စီးဖြည်းဖြည်းချင်း ဝင်လာတယ်။ ကားစက်သံကြားကတည်းက သန္တာအိပ်ခန်းမီးပိတ်ပြီး အိမ်ဝင်း ခြံတံခါးနားမှာ အသင့် ဆင်းစောင့်နေတယ်။ အိပ်ခန်း မီးမလင်းတာကိုတွေ့တဲ့ကျော်စွာက၊ သန္တာတစ်ယောက် အိပ်မောကျနေပြီ အထင်နဲ့ကားဟွန်းသံတစ်ချက်ပေးလိုက် တယ်။

ကံဆိုးချင်တော့ ဟွန်းကပ်ပြီး၊ ဟွန်းကမရပ်တန်းမြည် တော့တာပါပဲ။ ဘာပြောကောင်းမလဲ။ ဟွန်းသံရှည်ကြီးကြောင့် တစ်လမ်းလုံးနိုးကုန်ရာ။ မီးရောင်အောက်မှာ ခိုးရာလိုက်မဲ့ သန္တာကို အထုပ်နဲ့ အထည်နဲ့ ကွိကနဲ့ မိသွားတယ်။

သန္တာရဲ့ဖေကြီးနဲ့ မေကြီးတို့က ကလေးတွေအားလုံး ကို အိမ်ထဲအတင်း ဝင်ခိုင်းတော့တယ်။ သန္တာ့အဖေက အရှက် ပြေမှတ်ချက်ချလိုက်တယ်။



# သူ့လက်ရာ

၁

ဦးချမ်းသာနဲ့ ဒေါ်အေးအေးမှာ သမီးနှစ်ယောက်ရှိတယ်။ အကြီးမက မိုးမိုး၊ အငယ်မက တိုးတိုး။ ဘယ်မိသားစုမှာပဲဖြစ်ဖြစ် ပုံသေနည်းကရှိပြီးသား။ အကြီးကအငယ်ကို ညှာရမယ်။ တစ်အူတုံဆင်း ညီအစ်ကို၊ မောင်နှမအထဲမှာ အကြီးကအငယ်ကို တကယ်တမ်းကျေတာ့ မညှာတတ်ဖူး။ မနာလိုဖြစ်တတ် စမြဲ။ အရွယ်ကလေးနည်းနည်းကြီးလာကာမှ ညှာရမှန်း၊ ထိန်းရမှန်း၊ အနွံအတာ ခံရမှန်းသိသွားတာ။

မိဘကတော့ သားသမီးချင်းအတူတူ ချစ်တာချင်းကော တူနေတတ် ကြသလား။ မဖွံ့ဖြိုးလို့၊ ဉာဏ်ရည် နိမ့်လို့၊ ချူချာလို့ အချစ်ပိုတတ်ကြသလို၊ ဆိုးလို့၊ အင်္ဂါမစုံလို့ အချစ်ပိုတာမျိုးလည်း တွေ့ဖူးတယ်မဟုတ်လား။ ကျီးရဲ့သားကဘယ်လောက်မည်းမည်း ကျီးကန်းအတွက် ရွှေကျီးပဲ။

လူ့သဘော သဘာဝအကြောင်း၊ လူ့အလှ လူ့ဂုဏ်သိက္ခာအကြောင်း၊ စားဝတ်နေရေး အခက်အခဲအကြောင်း

ကလေးအရွယ်မှာ ဘယ်သိမလဲ။ အများနည်းတူ နေချင်၊ စားချင်၊ ဝတ်ချင်ရှာတာ ကလေးတိုင်းပဲ။ မိဘအနေနဲ့ တတ်နိုင်လား၊ မတတ်နိုင်ဘူးလား ဆိုတာကို မစဉ်းစားတတ်သေးဘူး။ လိုချင်တာလေးတွေကိုရရင် ချစ်တယ်လို့ထင်မယ်။ မရရင် မချစ်ဘူးလို့ထင်မယ်။ လက်လှမ်းမှီတာလေးကို တောင်းလို့ ကလေးရဲ့ဆန္ဒ ဖြည့်ဆည်းပေးနိုင်တဲ့အခါမျိုးမှာ မိဘစိတ်ချမ်းသာမယ်။ သားသမီးတွေ ပျော်တာကိုပဲ မြင်ချင်ကြတာကိုး။

ဦးချမ်းသာက အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်တာများတယ်။ အိမ်မှုကိစ္စ ဗာဟီရအဝဝက ဒေါ်အေးအေးရဲ့တာဝန်။ စီခန် အသံကြားရင် ဘယ်သူမှားမှား အဆူခံရ၊ အရိုက်ခံရတာက အကြီးမ မိုးမိုး။ အမေက အငယ်မ တိုးတိုးကို ပိုချစ်တယ်လို့ အကြီးမစိတ်ထဲ စွဲသွားတယ်။ အသည်းထဲ နှလုံးထဲက အမာရွတ်က ဘယ်ထင်သာ မြင်သာရှိမလဲ။ မိုးမိုးက စိတ်ကောက်တတ်ပြီး စိတ်မှတ်ကြီးလာတယ်။

၂

ဖြစ်ခြင်း၊ တည်ခြင်း၊ ယိုင်ခြင်း၊ ပျက်ခြင်း၊ ဇာတိ၊ ဇရာ၊ ဗျာတိ၊ မရဏ ဆိုတဲ့ သဘာဝတရားတွေကို အကြောင်းပြုပြီး အရာရာ ပြောင်းလဲတတ်တဲ့သဘောကို ဆောင်တတ်တယ်။ မိုးမိုးနဲ့ တိုးတိုး ကျောင်းပြီးချိန်မှာ ဦးချမ်းသာ သေဆုံးသွားတယ်။ မုဆိုးမဒေါ်အေးအေးက မိုးမိုးကို ဆွေရိပ်မျိုးရိပ် မကင်းတဲ့ အစိုးရဝန်ထမ်း ကိုအောင်မြတ်နဲ့ ပေးစားပြီး၊ အိမ်ပါ သမက်အဖြစ် ခေါ်ထားလိုက်တယ်။ အငယ်မ တိုးတိုးက

နယ်မြို့ကလေးတစ်မြို့မှာ အထက်တန်းကျောင်းဆရာမ ဖြစ်လာတယ်။

ဆရာ၊ ဆရာမသာဆိုတယ် သင်တန်းတွေ တက်နေရတုန်း။ စာပေး စာယူစနစ်နဲ့ အဝေးသင် ဘွဲ့လွန်သင်တန်းတွေ တက်ချင်တက်ခွင့်ရှိတယ်။ ဒီအထဲပရဟိတလူမှုရေးလုပ်ငန်းတွေလည်း ပါသေးတယ်။ သင်ယူရေးအပိုင်းက မပြီးနိုင် မဆုံးနိုင်ဖြစ်နေတယ်။ မွမ်းမံသင်တန်းတွေ ရှိလားရှိရဲ့။ ကိုယ့်ရပ်ကိုယ့်ရွာ တော်တော်နဲ့ မပြန်ဖြစ်ဘူး။ မိုးမိုးရဲ့သမီး တူမလေးပိုးပိုးတောင် တက္ကသိုလ်ရောက်နေပြီ။ မြေးထိန်းနေရလို့ ဒေါ်အေးအေးတစ်ယောက် သမီးပျိုတိုးတိုးနဲ့ လိုက်မနေအားဘူး။

၃

နွေရာသီ ရက်ရှည်ကျောင်းပိတ်ရက်မှာ တိုးတိုးအလည်ရောက်လာတယ်။ အမေဖြစ်တဲ့ ဒေါ်အေးအေးနဲ့ အစ်မမိုးမိုးရဲ့မိသားစုအကြောင်း ညတိုင်းသားအမိတတွေ စကားစမည်ပြောဖြစ်ကြတယ်။

"အမေတို့အိမ်က ဒီတစ်ခါတကယ်ထူးနေတယ်။ ဧည့်ခန်းဆက်တီတွေ၊ မီးဖိုချောင်က အိုးခွက် ပန်းကန်တွေ အားလုံး၊ အားလုံး၊ အသစ်တွေချည်းပါလား။ မမတို့က အရမ်းကြီးပွားနေကြတယ် ထင်တယ်။"

"ညည်းခဲအိုက တစ်နေ့စိတ်ဆိုးပြီးအကုန်ရိုက်ခွဲတာ။ ဒန်အိုးဒန်ခွက် ပန်းကန်ခွက်ယောက်အားလုံးကို လွှင့်ပစ်လိုက်တယ်။"

"အစ်ကိုကြီးကအရမ်းအေးတယ် မဟုတ်လား။ မမကပဲ သူ့ကိုအမြဲအနိုင်ယူနေကျ"

အဖွားကြီးဘာကို သတိရလိုက်မှန်းမသိဘူး။ အူနှိပ်ပြီး ရယ်လွန်းလို့ မျက်ရည်တောင် ထွက်တယ်။

"ငါ့နှယ်၊ ပြောကိုမပြောချင်ဘူး။ ညည်းခဲအို ခွေးအကိုက်ခံရတုန်းကတောင် ဒီလောက်စိတ်မဆိုးဖူးဘူး။ သူ့သမီးကိုထိမှ ပေါက်ကွဲတော့တာ။"

"ဘယ်လို၊ ဘယ်လို။ အစ်ကိုကြီး ခွေးအကိုက်ခံရတဲ့ အကြောင်း သမီးမသိပါလား။"

"ဟဲ့။ ဘယ်ပြောလို့ကောင်းမလဲ။ ကိုက်တာက ညည်းအမ။ သူက စိတ်မှတ်ကြီး။ ဒေါသကြီးတတ်တယ် မဟုတ်လား။ ဒီလိုဟဲ့၊ ဒီလို။ တစ်ခါက ညှော့ခံပွဲကအပြန် ညည်းခဲအိုကို အိမ်ပြန်ပို့ပေးတဲ့ သူငယ်ချင်းက ကိုအောင်မြတ် ရှုံးကကောင်မလေးတစ်ယောက်နဲ့ ဘာလိုလိုသတင်း ထွက်နေတယ်။ မကြားမိဖူးလား။ လို့ ညည်းအစ်မကို စသွားတယ်။ ဘာပြောကောင်းမလဲ။ မိုးမီးလောင်တော့တာပဲ။ တစ်ညလုံး မောင်အောင်မြတ်ကို နှိပ်စက်တာ မနက်ကျမှ သူတို့လင်မယား ဆေးခန်း သွားပြကြတယ်၊"

"ဘာနဲ့ ဘယ်လိုများ သတ်ပုတ်ကြပါလိမ့်။"

"မသိပါဘူးဟေ။ မိုးမိုးက သူ့ယောက်ျားရဲ့ပေါင်ကို ကိုက်လိုက်တယ်ဆိုလား။ အသေးစိတ် ငါမေးလို့ ဘယ်ကောင်းမလဲ။"

"အစ်ကိုကြီး မမကို နားရင်းပါးရင်းမရိုက်ဘူးလား။"

"အံ့ပါတော်။ အကိုက်ခံရတဲ့ မောင်အောင်မြတ်က ကိုက်လိုက်တဲ့ညည်းအစ်မကို ချော့နေလိုက်တာများ၊ ဟင်း။ မောင်အောင်မြတ်က ဗွေမယူဘူး။ သူ့မိန်းမကို အဲဒီလောက်ချစ်တာ။"

"နေပါဦး။ ဒန်အိုးဒန်ခွက်တွေကကော။ အမေ။"

"ညည်းအစ်မအကြောင်း ညည်းအသိ။ သူက အတွင်းကောက်။ သူသဘောမတွေ့ရင် ဆောင့်ကြီး အောင့်ကြီးနဲ့ ဗိုးဗိုးဗတ်ဗတ် လုပ်တတ်တယ်။ ဘဝင်မကျတိုင်း ဆောင့်ဆောင့်ထည့်တော့ ပန်းကန်တွေ ဟိုပဲ့၊ ဒီပဲ့ ပေါ့ဟ။ ဒန်အိုးဒန်ခွက်ဆိုလဲ ဒီလိုပဲ။ ပိန်တာပိန်၊ ချိုင့်တာချိုင့်၊ ရွဲ့တာရွဲ့။ အကောင်းတစ်လုံးမှ မရှိဘူး။"

"အစ်ကိုကြီးက မဆူဘူးလား။။ "

"ရခါစတော့ ပြောကြည့်တာပေါ့။ မနိုင်တဲ့အဆုံး လွှတ်ထားလိုက်တယ်။"

"အိုးခွက်အသစ်တွေ အကြောင်းကကော။"

"တော် တော်။ အဲဒီဇာတ်လမ်းက ဇာတ်ကြမ်း။ သူ့ဇာတ်ထုပ်ကိုဖြည်ပြသလို ဖြစ်သွားမယ်။ တော်ပြီ၊ တော်ပြီ။"

"အမေကလဲ၊ ကောင်းခန်းရောက်မှ ဈေးကိုင်နေတယ်။ လုပ်ပါဦးဆို။"

၄

ခုခေတ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ တက္ကသိုလ်ရောက်ကြတယ်။ ပညာသင်ခွင့်ရကြသလို အပေါင်းအသင်း လည်းရကြတယ်။ အတန်းတက် အတန်းဆင်း ရင်းနှီးရာက ရည်းစားရသွားတာမျိုး လည်းရှိတယ်။ ပိုးပိုးက အင်္ဂလိပ်စာအဓိက တတိယနှစ်။ သူ့အဆက်က ဆေးကျောင်းက။ တစ်နေ့ စူပါမားကက်မှာ ဈေးဝယ်သွားတဲ့ မိုးမိုးက ပိုးပိုးကို သူ့အဆက်ကောင်လေးနဲ့ တွဲလာတာကို မြင်လိုက်တယ်။

အသက်အရွယ်နဲ့ ဘဝအတွေ့အကြုံက လူ့စရိုက်ကို အတော်အသင့် ပြောင်းလဲပေးနိုင်တယ်။ စိတ်ကြီးတဲ့ မိုးမိုးက ကာလံ၊ ဒေသံ၊ ပယောဂံကို ပြေးသတိရလိုက်ပုံပေါ်တယ်။ ဈေးတန်းမှာ ပြဿနာမရှာခဲ့ဘူး။ မမြင်ချင်ဟန် ဆောင်ပြီး အိမ်ပြန်လာတယ်။

မိန်းကလေးတွေရဲ့သဘောသဘာဝက အလှပြင်ချင်ကြတာ။ ဒါပေမယ့် ပိုးတဲ့ပန်းတဲ့လူရှိရင် စိတ်ကစားလာတဲ့အခါမျိုးမှာ သမီးပျိုလေးတွေရဲ့အမူအရာ တစ်မျိုးတစ်မည်ပြောင်းလဲတတ်တဲ့ အကြောင်း အမေလုပ်တဲ့လူတိုင်း သိတယ်။ တက္ကသိုလ်ရောက်နေပြီပဲ လှချင်ပချင်ရှာမှာပေါ့လို့၊ မိုးမိုးက အသာကြည့်နေလိုက်တယ်။ မိုးမိုးရဲ့ စိတ်ထဲမှာ၊ သားအမိကြားမှာ ဘာကိုမှကွယ်ဝှက် မထားသင့်ဘူးဆိုတဲ့ အယူအဆ

တစ်ခုရှိတယ်။ ဒီအယူအဆကြောင့် အသိမပေးရကောင်းလား လို့ ပိုးပိုးအပေါ် မိုးမိုးက စိတ်ခုသွားတယ်။ ဆောင့်ကြီး အောင့်ကြီးနဲ့ အိမ်ထဲပြေးဝင်လာကတည်းက မိုးမိုး စိတ်ဆိုး လာမှန်း ဒေါ်အေးသိနေပြီ။

"ဟဲ့၊ မိမိုး။ ညည်းဘာဖြစ်လာတာလဲ။"

"သမီးအရမ်းမောနေလို့၊ အမေ သံပုရာရည်အေးအေး တစ်ခွက်လောက်တိုက်ပါဦး"

ဧည့်ခန်းဆက်တီကုလားထိုင်ပေါ် ထိုင်ချရင်း ဝယ်ချမ်း လာတဲ့ အထုပ်အပိုးတွေနဲ့အတူ ခေါက်ထီးကိုလည်း စားပွဲပေါ် မိုးမိုးပစ်တင်လိုက်တယ်။ သံစုံတိုင်ကပ် နာရီ ငါးကြိမ်မြည် တယ်။ ပိုးပိုး အိမ်ထဲကို ဖေါ့နင်းပြီး ဝင်လာတယ်။

"ဖွားဖွားရေ။ အမေဘာဖြစ်လို့လဲ။ သွေးများတိုးနေ လို့လား။"

"မသိပါဘူးအေ။ မောလို့တဲ့။ အထုပ်အပိုးတွေ ကူသိမ်းပေးလိုက်ဦး။ "

"ပိုးပိုး"

"ရှင်၊ အမေ"

"ညည်း ဒီနေ့ကျောင်းသွားလား"

"ဟုတ်၊ ဟုတ်ကဲ့"

"တကယ်လား။" သက်ရာရန့်မကင်းတဲ့အသံက မာနေ တယ်။

"တကယ်လား"

"အမေကလဲ။ သမီးကျောင်းသွားတက်တာလို့ ဆိုနေမှ..."

"ကဲဟာ၊ ကဲ။ ငါ့ကို လိမ်းဦးဟဲ့"

စားပွဲပေါ် တင်ထားတဲ့ ခေါက်ထီးကို လှမ်းဆွဲပြီး မိုးမိုးက ပိုးပိုးရဲ့ခေါင်းကို တစ်ချက်ရိုက်လိုက်တယ်။ ဖွားအေက အတင်းဝင်ဆွဲထားလို့ ပိုးပိုးရဲ့ ဝဲဖက်နဖူးထောင့်မှာ ထီးရိုးနဲ့ ခြစ်မိပြီး သွေးထွက်သွားတယ်။ သမီးကို ငေါက်ငမ်းပြီး မြေးမလေးကို အိပ်ခန်းထဲဆွဲသွင်းလိုက်တယ်။ ရှေ့ဆင့် နောက်ဆင့် ဆိုသလို ဖအေလုပ်သူ အိမ်ထဲဝင်လာတယ်။ ခါတိုင်း ပိုးပိုး ဖြစ်ဖြစ်၊ မိုးမိုးဖြစ်ဖြစ် အိမ်ဝက ကြိုနေကျ။ ခုယောက်ျမကို တွေ့တော့ ဦးအောင်မြတ် အမောဆို့သွားတယ်။

"အမေ၊ သူ့အမေကော"

"ရှိတယ်၊ ရှိတယ်။ ငါသွားခေါ် လိုက်မယ်"

ရိုက်သံကြားလို့အခန်းထောင့်သွားကြည့်တော့ နဖူးမှာ သွေးစို့နေတဲ့ ပိုးပိုးကိုတွေ့လိုက်တယ်။

"ပိုးပိုး လာစမ်း။ ဘာဖြစ်တာလဲ"

"ဆောင့်မိသွားလို့ပါ အဖေ"

"ဟော့။ ဒီလောက်မအဘူး။ ဒီမိန်းမလက်ချက်ပဲ"

"အမေ။ ပိုးပိုးရဲ့အရွယ်က အရိုက်ခံရမယ့် အရွယ် လား။ ဒီ မိန်းမ ဒီလောက်ကလေးတောင် မသိဘူးလား။ ကျွန်တော် သည်းခံနေတာကြာပြီ။ စော်ကားပေါင်းများပြီး။ တောက်။"

“မောင်အောင်မြတ်၊ အမေ့စကားကိုယုံ၊ ပိုးပိုးအိမ်ပြန်နောက်ကျလို့ သူ့အမေက ထီးနဲ့ရိုက်တာ နည်းနည်း ရှပ်ထိသွားတာပါ။”

“ဒီမှာ။ ကျွန်တော်ပြောမယ်။ တန်ဖိုးထားတဲ့ ပစ္စည်းကို ဖျက်ဆီးဖို့နေနေသာသာ၊ ထိတောင် မထိရက်ဘူး။ ဒီမှာ ကြည့် သူ့လက်ရာ။ ဒီပန်းအိုးကအပဲ့။ ဒီပန်းကန်က အအက်။ ဒီပန်းအိုးကအပိန်။ ထုထောင်းထားလိုက်တာ။ ရှုံးမျှားရှုံးနေလား။”

ပြောပြောဆိုဆို အိမ်ထဲမှာရှိတဲ့ ပစ္စည်းပစ္စယအားလုံးကို ရိုက်ခွဲပစ်ပါတော့တယ်။ ပစ္စည်းဥစ္စာကို နှမြောတာက တစ်ကြောင်း အများရဲ့ အကဲ့အရဲ့ကို မခံချင်တာက တစ်ကြောင်းကြောင့် မိုးမိုးက သူ့ယောကျ်ားရဲ့ ခြေသလုံးကိုဖက်ပြီး ငိုယိုတောင်းပန်ရှာတယ်။ မရ။ သူ့ခြေထောက်ကို ဖက်ထားတဲ့ မိုးမိုးရဲ့ ကျောပြင်ကို နှစ်ချက်သုံးချက်လက်ဝါးနဲ့ ရိုက်လိုက်သေးတယ်။ အိမ်နီးချင်းမိတ်ဆွေတွေ ဝင်ထိန်းကြမှ ရိုက်မောင်းပုတ်မောင်း ရပ်သွားတော့တယ်။ အိမ်ထောင်သက်အနှစ်(၂၀)ကျော် အတွင်းမှာ မနောသဘောကောင်းတဲ့ မိမိလင်တော်မောင်ရဲ့ ဒေါသကြီးပုံကို မိုးမိုးအနေနဲ့ ပထမဦးဆုံးအကြိမ်တွေ့ရလို အံ့ဩချင်းမက အံ့ဩသွားတယ်။ အချစ်ကြီးအမျက်ကြီးဆိုတာ ဒါမျိုးလားမသိဘူး။

## ၇

တဝါးဝါး တဟားဟားနဲ့ ရယ်ကာမောကာ၊ စကားပြောနေတဲ့ မအေနဲ့ ညီမဆီ မိုးမိုးတက်လာတယ်။

"ဘာများ ဒီလောက်တောင် ပွဲကျနေကြတာလဲ။"

"မမ လက်ရာအကြောင်း။"

"အေး။ ငါလည်းစိတ်မကောင်းဘူး။ ကလေးနဖူးကို ရိုက်မိသွားတယ်။ ကံကောင်းလို့ အမာရွတ်မထင်တာ။ အမာရွတ်သာကျန်နေရင် မှန်ကြည့်တိုင်း ပိုးပိုး ငါ့ကို စိတ်နာနေမှာ။"

"မမ။ ဟိုဘက်လှည့်ပါဦး။"

" ဟဲ့။ ဘာလုပ်ဖို့လဲ။"

"အစ်ကိုကြီးရဲ့ လက်ရာကိုရှာကြည့်မလို့။"

"အမေမကောင်းဘူး။ ဘာတွေ လျှောက်ပြောထားမှန်းမသိဘူး။ ရှက်စရာကြီး။"

□



# မိစ္ဆာရိယ စိတ်ရိုင်း

၁

ဦးချစ်က ကျောင်းဆရာ၊ ဆေးနားဆိုပါတော့။ သူ့မိန်းမ ကလဲ အလယ်တန်းပြ။ ယောက်ျား နားတော့၊ အနီးအနား နေ၊ ဆေးပေးမီးယူ ကူဖော်လောင်ဖက်ရဖို့ သူလဲအငြိမ်းစား ယူလိုက်ရတယ်။ သားသမီးမရှိ၊ လင်ကိုယ်မယား နှစ်ယောက် တည်း။ မြို့စွန်မှာ ကိုယ်ပိုင်ပျဉ်ထောင်အိမ်ကလေးနဲ့ အိမ်ဆိုင် ကလေးနဲ့။ ဆရာချစ်က အပျင်းပြေ ခြံစိုက်တယ်။ ဥကြက်မွေး တယ်။ ရပ်ရေးရွာရေး၊ လူမှုရေးအစစ ဝိုင်းကူတယ်။ အလှူ အတန်းရက်ရောတယ်။

၂

ကျော်ကျော်ကစာရေး။ အစိုးရအလုပ်။ အဝေးသင် တက်နေတုံး မိန်းမရတယ်။ သူ့မယားက မရီ။ သူလဲအတန်းတူ အဝေးသင်။ ဆရာချစ်ရဲ့မိန်းမဒေါ်စုဘက်ကအမျိုး။ ကျောင်း ဆရာ။ ဆရာမပီပီ ဆရာချစ်တို့က မရီတို့လင်မယားနှစ်ယောက်

စလုံးကို ကျောင်းပြီးစေချင်ကြတယ်။ မရီစာကြည့်ဖြစ်အောင် နို့စို့အရွယ် ငမျိုးလေးကို ဆရာချစ်တို့ ဇနီးမောင်နှံက ကူထိန်းပေးကြတယ်။ မရီတို့ကလဲ ဆရာချစ်တို့ကို တတ်အားသရွေ့ ဝိုင်းကူကြတယ်။ နှစ်အိမ်တစ်အိမ်လို နေကြတာ။

၃

ငမျိုးလေး သုံးနှစ်လောက်မှာ ကျော်ကျော်ဘွဲ့ရတယ်။ ရာထူးတိုးတယ်။ မရီက တတိယနှစ်မှာ ကျတယ်။ ဆရာချစ်တို့ အကျိုးပေးချိန်နဲ့ ကြုံကြိုက်နေလို့လားမသိဘူး။ စီးပွားတက်တယ်။ အိမ်ဆိုင်က လက်မလည်အောင် ရောင်းရတယ်။

ကျော်ကျော်တို့လင်မယားက လူငယ်တွေပီပီ အဝတ်အစားမက်ကြတယ်။ အပျော်အပါးကြိုက်ကြတယ်။ အပြစ်မဆိုသာပေမဲ့ ငွေစ၊ ရွှေစ မစုတတ်ကြဘူး။ ဒီအထဲ မရီက ၂-လုံးတို့ ၃-လုံးတို့ ကစားတတ်လာတယ်။ တားလို့ကမရချင်။

အိမ်မက်ဂဏန်း၊ မွေးဂဏန်း၊ ဘိုးတော်ဂဏန်း၊ ဘုန်းဘုန်းဂဏန်း တချီတချီ ထပေါက်နေလို့၊ သူ့ အပြစ်သူမမြင်။ သူ့ယောက်ျားကို သူအားမရ။ ကြံရည်ဖန်ရည်ညံ့တယ်လို့ ထင်မှတ်မှားလာတယ်။ တဘက်မှာ ဆရာချစ်တို့ ကြီးပွားလာလေလေ မရီမှာ မနာလိုဝန်တိုစိတ်တွေ တိုးပွားလေလေပဲ။

၄

လူချင်းသာတူချင်တူမယ်။ အကျိုးပေးပုံချင်းက တူချင်မှတူမှာ။ ဆရာချစ်ရဲ့အဆက်အသွယ်နဲ့ မရီတစ်ယောက် အစိုးရအလုပ်ရတယ်။ စာရေးပေါ့။ ဘာပဲဖြစ်ဖြစ် သူတို့ လင်မယားမှာ အလုပ်ကိုယ်စီနဲ့၊ ပုံမှန် ဝင်ငွေကလေးနဲ့။

တိုးတက်မှုကို ရှာရတယ်။ ဝီရိယရှိရမယ်။ ရည်မှန်းချက်ကြီးကြီးထားရမယ်။ လောဘရှိရမယ်။ ဒါပေမယ့်မကြီးရဘူး။ ရောင့်ရဲလွယ်ရမယ်။ မရှိမရှားလေးပေါ့။ ဝင်ငွေနဲ့ ထွက်ငွေမျှရမယ်။ ခြေစောင့် လက်စောင့်ငွေကလေးရှိရမယ်။ ဒါတွေက ဆရာချစ်ပြောနေကျစကား။

တစ်နေ့မရီ ဒေါ်စုဆီကငွေချေးတယ်။ ပွဲပိုးထားတာများနေတာရယ်၊ ယူသုံးထားတာများနေတာရယ်၊ လွယ်လွယ်ချေးငှားရနေလို့ လက်လွတ်စပါယ် သုံးနေတာတွေကို မနှစ်မြို့တဲ့အတွက် ဒေါ်စုက ငွေထုတ်မချေးလိုက်ဘူး။ ဒေါ်စုတို့မှာရှိလျက်သားနဲ့ မပေးရကောင်းလားလို့ မရီမကျေနပ်။ ရှက်လဲရှက်။ စိတ်လဲ နာသွားတယ်။ မကောင်းရာမကောင်းကြောင်းဆိုတော့လဲ ဟန်မပျက်ဆက်ဆံနေတယ်။ သူရင်ထဲမှာ တမျိုးကြီး၊ အခဲမကြေချင်။

၅

ငွေလိုတိုင်းလျှောလျှောရှုရှု ပေးနေကျဒေါ်စု၊ ဒီတစ်ကြိမ် ဒီလိုအရှက် ရအောင်လုပ်လိုက်လို့၊ မရီ လုံးဝလုံးဝကို မကျေနပ်နိုင်။ သူ့မှာ စိတ်ရိုင်းတစ်မျိုး ဝင်လာတယ်။ ဒေါ်စုတို့

စီးပွားပျက်ရင်ကောင်းမယ်။ ဥကြက်တွေ ကြက်နာကျရင် ကောင်းမယ်။ နာဂစ်မုန်တိုင်း ဝင်မွှေလိုက်တာမဟုတ်ဘူး။ ကြက်ငှက် တုတ်ကွေးလဲ မကျဘူး။

မရီတစ်ယောက် အလောင်းအစား Gamble နဲ့ စွန့်လွှတ်စွန့်စားမှု Risk Taking ကိုခွဲခြားမသိဘူး။ ပျက်စီးရာ ပျက်စီးကြောင်းသာ မိစ္ဆာရိယ စိတ်ရိုင်းဝင်ဝင်လာတယ်။


ကြက်စာထဲသာ ကြွက်သတ်ဆေးကို ဖြူးလိုက်ရရင် ဆရာချစ်တို့ရဲ့ ဥကြက်တွေမျိုးတုန်းသွားမှာ။ စိတ်ဆိုးလွန်း လို့ ကြံမိကြံရာ မနောဒုစရိုက် ဝင်တာ။ ဒါပေမယ့် သူ့လိပ်ပြာသူ မလုံဘူး။ ထောက်ထားစရာတွေက တစ်ပုံတစ်ပင်ကြီး။

တနင်္ဂနွေတစ်ရက်။ ၁၀း၀၀ နာရီလောက်။ မှန်တင်ခုံ နံဘေး ကားရုပ်ကလေးနဲ့ကစားနေတဲ့ ငမျိုး လဲကျသံကြားရတယ်။ အိမ်ရှေ့မှာ မြက်ရှင်းနေတဲ့ ကျော်ကျော်ပြေးတက် ကြည့်တော့၊ ကလေးတက်နေတာကို တွေ့ရတယ်။ ပါးစပ်က အမြုတ်တစီစီနဲ့၊ သွားရည်တွေကျလို့။ မရီ မရှိ။ ဈေးသွားနေတယ်။ ကလေးကို ကျော်ကျော် ဆရာချစ်တို့အိမ် ပွေ့ချီသွားတယ်။ ကလေးဘာစားမိလဲမသိဘူး။ အဆိပ်သင့်နေမလား။ ဆေးရုံအမြန်ပြေးမှ။ ပြောပြောဆိုဆို ဆရာချစ်တို့လင်မယား ပျာပျာသလဲကလေးကို ဆေးရုံသွားပြကြတယ်။ဆရာဝန်တွေ ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေ လုပ်ပေးကြတယ်။ အချိန်မီ ဆေးရုံပို့ဖြစ်လို့ ကလေးအသက်ရှင်တာ။ မသေကောင်း မပျောက်ကောင်း။

မရီရဲ့ပယောဂ အများကြီးပါနေတယ်။ ကြွက်နှိမ်နင်းဖို့စိတ်ကူးနဲ့ ကြွက်သတ်ဆေးဝယ်ပြီး ကလေးယူဆော့မိမှာစိုးလို့ မှန်တင်ခုံအနောက်မှာ ဝှက်ထားခဲ့တာ။ မှန်တင်ခုံ အောက်ဝင်သွားတဲ့ ကားရုပ်ကလေးကို ဆွဲထုတ်တော့၊ ကြွက်သတ်ဆေးထုပ်က ပါလာရော။ ဆေးထုပ်ကို ဖြေဆော့ကစားရာမှ တဆင့် ကလေးပါးစပ်ထဲ အနည်းအကျဉ်းဝင်သွားပုံရတယ်။

မည်သူမပြု မိမိမှုတဲ့။ စိတ်ကူးနဲ့ ပြစ်မှားမိလို့ မရီမှာ စိတ်သောက ဆိုက်သွားတယ်။ တူညီတဲ့ အကျိုးပေးလို့ ဆိုမလား။ ဆရာချစ်တို့လင်မယားကို မရီတို့က လက်အုပ်ချီကန်တော့ကြတယ်။ ။

□



# သမုဒယ နောင်ကြိုး

## ၁

"ဟူး၊ ကျေးဇူးပဲ၊ ဆရာကြီး။ အားနာလိုက်တာ၊ ဆရာကတော်ကော၊ မတွေ့ပါလား။"

ဟင်းသီးဟင်းရွက်ဗန်းကိုကူချပေးတဲ့ ကျောင်းဆရာ အငြိမ်းစား ကျွန်တော့်ကို ကုန်စိမ်းသည် ဒေါ်ကြွယ်ကြွယ်က နှုတ်ဆက်လိုက်ပါတယ်။

"အစ်မကြီး၊ ဒီနေ့ နေ နည်းနည်းမြင့်လာလို့။ ဒီဘက် လာလေ။ ရေနွေးကြမ်း သောက်ရအောင်။"

မီးဖိုချောင်ကလှမ်းနှုတ်ဆက်ရင်း ကျွန်တော့်ဇနီး အိမ်ရှေ့ထွက်လာတယ်။ ထန်းလျက်၊ မြေပဲဆားလှော်၊ ရေနွေးခရားနဲ့။"

"မြေးမလေး၊ ရွှေဥတစ်ယောက် ဈေးမထွက်ဘူးလား။"

"ဒီနှစ်သူ ဆယ်တန်းဖြေရမယ်။ ကျောင်းတဘက်၊ ကျူရှင်တဘက်နဲ့၊ အချိန်ကိုမရဘူး"

"သူ့အမေကကော" ကျွန်တော်ဝင်မေးမိတယ်။

"ရှင်ကလဲ၊ စပ်စပ်စုစု"

အလိုက်ကန်းဆိုးမသိရကောင်းလားဆိုတဲ့ သဘောနဲ့ ဇနီးသည်က ကျွန်တော့်ကို လှမ်းတားတယ်။

"ဆရာကြီး။ သူ့အကြောင်းပြောကိုမပြောချင်ဘူး၊ နောက်အိမ်ထောင်ပြုတာ ဘာကြာသေးလို့လဲ။ သန္ဓေသား ပျက်တာလား၊ ဖျက်တာလား၊ မသိပါဘူး၊ ခုသူနေမကောင်းဘူး"

"ရှင်လဲလေ။ စိတ်မကောင်းစရာတွေ ဘာလို့လျှောက်မေးနေတာလဲ။ စိတ်အနှောက်အယှက်ဖြစ်ရတာပေါ့။"

"ဆရာကတော်ရေ၊ ဆရာကြီး ဒီအကြောင်းသိချင်မှ သိမှာပေါ့။ ကျွန်မလဲ ဒီဘက်မရောက်တာ နည်းနည်း ကြာသွားပြီး။"

"လာလာ၊ ကျွန်မတို့ မီးဖိုဘက်သွားရအောင်။" စကားကိုလှီးလွှဲပြောပြီး၊ ဒေါ်ကြွယ်ကြွယ် ကို ဆွဲထုတ်သွားပါတော့တယ်။

## ၂

တနွယ်ငင်မိတာ၊ တစ်စင်ပါလာပြီ။ မြင်ရကြားရတာတွေ များနေတာမို့၊ မိမိနဲ့မဆိုင်တာတွေကို မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်ပါတယ်။

မြို့သစ်မှာမြေကွက်ရတယ်။ အစိုးရကငွေထုတ်ချေးတယ်။ အိမ်ဆောက်ပစ္စည်းလဲ ရောင်းချပေးတယ်။ ကိုယ့်ခွဲတမ်းကို ကွပ်ကဲရေးရုံးမှာ သွားထုတ်ရတယ်။ ဝန်ထမ်းတွေ အိမ်တွေကို တပြိုင်တည်း ဆောက်ကြတော့ လက်သမားနဲ့

ပန်းရံဆရာ ရှားသွားတယ်။ သံရိုက်တတ်တဲ့သူတိုင်း ဗိသုကာဖြစ်တဲ့အချိန်။

အိမ်ကိုကန်ထရိုက်အပ်သူတွေရှိသလို၊ ကိုယ့်အိမ်ကို ကိုယ်ကိုတိုင် ကြိုးကြပ်ဆောက်တဲ့သူတွေလဲ ရှိတယ်။ ကျွန်တော်တို့မိသားစုက စနေ၊ တနင်္ဂနွေနှစ်ရက် ကိုယ့်မြေကွက်ထဲ ယာယီအစောင့်တဲကလေးထဲမှာ ညအိပ်ညနေနေပြီး ချက်ပြုတ်စားသောက်တတ်ကြပါတယ်။ သားငါး၊ ဟင်းသီးဟင်းရွက်၊ မုန့်ပဲ သွားရည်စာ အမျိုးစုံ လာရောင်းကြတယ်။ ဒေါ်ကြွယ်ကြွယ်နဲ့ သူ့သမီး ငွေဥတို့က ကုန်စိမ်းလာရောင်းကြတာ။ ဈေးလည်ရောင်းလို့ကုန်ရင်၊ ကျွန်တော့်တို့တဲမှာခဏတဖြုတ်လာနား တတ်ကြတယ်။ ကျွန်တော်ဇနီးနဲ့ စကားစမြည်ပြော၊ ကူခက်လုပ်၊ ထမင်းစား၊ တရေး တမော့အိပ်၊ နေစောင်းမှ သူတို့သားအမိ ပြန်နေကျ။ တစ်နေ့ ငွေဥအစားကလေး မလေးတစ်ယောက်ပါလာလို့ ဒေါ်ကြွယ်ကြွယ်ကို ကျွန်တော်မေးကြည့်ပါတယ်။

"အစ်မကြီး၊ ငွေဥကိုမတွေ့ရတာ ကြာပြီနော်။"

"ဟာ၊ ဆရာကြီးမသိဘူးလား၊ ငွေဥယောကျ်ား ကားတိုက်ခံရလို့။ သူမောင်းတဲ့ကားလေးနဲ့ ကုန်တင်ကား တိုက်မိတဲ့ ဒဏ်ရာနဲ့ ဆုံးသွားတယ်။"

"ဒီမိန်းမက ဒီလိုပဲ။ ကျွန်တော်ကို ပြောချင်မှပြောတာ။"

"လျော်ကြေးတွေ ဘာတွေကော"

"သူ့သူဌေးက သဘောကောင်းတယ်။ ဆေးဖိုးဝါးခလဲ

ပေးတယ်။ အမှုလဲ ကူရှင်းပေးပါတယ်။ ဒါ ငွေဥရဲ့ သမီး၊ သူ့နာမည်က ရွှေဥ။"

ကျွန်တော်နဲ့ စကားပြောနေတာကို မကြိုက်တဲ့ ကျွန်တော်ဇနီးက ဒေါ်ကြွယ်ကြွယ်တို့ မြေးအဖွားကို မီးဖိုချောင်ဘက် ခေါ်ထားလိုက်ပါတယ်။

၃

"ဟော၊ ဒေါ်ကြွယ်ကြွယ်တို့ပါလား။ ပျောက်ချက်သား ကောင်းလိုက်တာ။ ကြည့်ရတာ အဆင်ပြေနေတဲ့ပုံပဲ။"

တစ်နေ့မမျှော်လင့်ပဲ အလည်ရောက်လာတဲ့ ဒေါ်ကြွယ်ကြွယ်နဲ့ သူ့သမီးငွေဥကို ခရီးကြိုရင်း ပဋိသန္ဓာရ စကား ပြောဖြစ်သွားတယ်။

"ငွေဥကိုကြည့်ရတာ စိုပြေလို့ပါလား။"

"ဆရာကြီးရေ၊ တပင်လဲလို့ တပင်ထူဖြစ်သွားတယ်။"

"အမေဈေးထွက်တာနဲ့ကြုံလို့ ငွေဥ ဒီဘက်အဖော် အဖြစ်လိုက်လာတာ။ ဆရာကတော်တို့ နေကောင်းကြတယ် နော်။"

ငွေဥရဲ့ အမေးကို ကျွန်တော်အဖြေမပေးခင် ကျွန်တော် ဇနီးကငွေဥကို အိမ်ထဲလှမ်းခေါ်ထားလိုက်ပါတယ်။

"စကားမပြောဖြစ်တာကြာပြီ၊ အစ်မကြီးရေ၊ ငွေဥကို ထားခဲ့။ အပြန်ကျမှလာခေါ်၊ ကျွန်မတို့ဒီနေ့ အရက်ဆွမ်း ကပ်ဖြစ်လို့ ထမင်းစားသွားကြပါဦး။"

"ဆရာကတော်ရေအတော်ပဲ။ အမေကရွှေဥကိုသမီးနဲ့ မထည့်ဘူးတဲ့။ ကြည့်ပြောပေးပါဦး" ဒီအဖွားကြီး အပျို ဖျန်းကလေးရွှေဥကို ပထွေးနဲ့ စိတ်ချပုံမရဘူး။ ကိုယ့်အတွေးနဲ့ ကို ပြုံးမိပါတယ်။ ဇနီးသည် ဘာသဘောပေါက်သွားမှန်း မသိဘူး။ မျက်စောင်းတထိုးထိုးနဲ့။

၄

အရှေ့အတက်မှာ ဘုရားဝတ်ဖြည့်ပြီး လမ်းထွက် လျှောက်ဖို့ပြင်နေတုန်း ဒေါ်ကြွယ်ကြွယ့်ကို ဈေးဗန်းနဲ့ တွေ့ လိုက်ရတယ်။

"အလို၊ အစောကြီးပါလား။ မြေးသမက်နဲ့ဆို။ အစ်မကြီးတို့ ကြီးပွားနေပြီ မှတ်တာ။"

"လောကဓံ ဆရာကြီးရေ။ ရွှေဥတစ်ယောက် မရှိတော့ ဘူး။ ကိုယ်ပွား ကလေးပဲထားခဲ့တယ်"

"ဘုရား၊ ဘုရား။ ဘယ်လိုဖြစ်တာလဲ။"

"မီးတွင်းထဲမှာ ဆုံးသွားပါတယ်။"

"ရွှေဥကလေးလေးက ဘယ်မှာလဲ။"

"ငွေဥက သူ့မြေးကလေးကို တောင်းပါတယ်။ သူ့အဖေ ဘက်ကလဲတောင်းတယ်။ ကျွန်မမြစ်ကလေးနှင်းဥကို သနား တယ်။ ဘယ်သူ့ကိုမှမပေးဘူး။ ကျွန်မပဲမွေးချင်တယ်"

"အစ်မကြီး၊ အသက်ရလာပြီလေ။ တလှဲ့နားသင့်ပြီ ထင်တယ်။"

"ကျွန်မကတစ်မျိုး၊ ဘယ်သူ့ကိုမှအားမကိုးချင်ဘူး။ ကိုယ်ကချည်းပဲပေးချင်ကမ်းချင်တဲ့ ဘဝမျိုးလိုချင်တာ။"

"ကိုင်း၊ ကိုင်း။ အဖွားကြီး အိမ်ထဲမှာ။ ကျွန်တော် လမ်းလျှောက်ထွက်လိုက်ပါဦးမယ်။"

လမ်းလျှောက်ထွက်ရင်း ဒေါ်ကြွယ်ကြွယ်ရဲ့ သမီး၊ မြေး၊ မြစ်အကြောင်း ခေါင်းထဲကမထွက်။ အရွယ်ကောင်းတုံး သမီး မုဆိုးမဖြစ်ရတယ်။ ဈေးရောင်းပြီး မြေးကို ပျိုးထောင်တော့၊ မီးတွင်းထဲမှာ ဆုံးတယ်။ ခု မြစ်ကလေးရဲ့ တာဝန်ကို ယူမယ်တဲ့။ ဆက်ပြီးလျှောက်ချင်တဲ့စိတ် မရှိတော့လို့ အိမ်ထဲပြန်ဝင်လာ တယ်။ ဒေါ်ကြွယ်ကြွယ်က သူ့ဗန်းကို သူရွက်ဖို့ ပြင်နေချိန်နဲ့ တိုးနေပါတယ်။

"အတော်ပဲ။ အားတော့နာပါတယ် ဆရာကြီးရေ။ ဈေးဗန်းခဏ မ- ပေးပါဦး။"

ဒေါ်ကြွယ်ကြွယ်ရဲ့ကစိတ်ထဲ ဘယ်လိုနေမယ် မသိဘူး။ ကျွန်တော့်အတွက် ရင်လေးလိုက်တာ။ သံယောဇဉ်ခေါ် မလား။ သမုဒယ အနှောင်အဖွဲ့ခေါ်မလား။

❑



# ကံ့ကော်တော ပန်းပြဿနာ

၁

တစ်ခါက တက္ကသိုလ်ရောက်ခါစမှာ ကိုယ့်မြို့ကိုယ့်ရွာက ကျောင်းသား အချင်းချင်းပဲ ပေါင်းတတ်ကြတယ်။ နောင်နေတဲ့အဆောင်ချင်း၊ ယူတဲ့ဘာသာ ရပ်ချင်း၊ အတန်းချင်း၊ စရိုက်ချင်း၊ တူရာတူရာအပေါင်းအသင်းဖြစ်သွားတတ်တယ်။ ငွေစိုးနဲ့ ကျော်ခိုင်က တစ်တွဲ။ ငွေစိုးက သစ်တောသိပ္ပံ၊ ကျော်ခိုင်က ဓာတုဗေဒ။

သူဌေးသားကျော်ခိုင်က သန်းသန်းကို မော်လမြိုင် ဥပစာကောလိပ်ကတည်းက စိတ်ဝင်စားလာတာ။ ရန်ကုန်တက္ကသိုလ် ဘွဲ့ကြိုဓာတုဗေဒအဓိက၊ တတိယနှစ်ရောက်မှ ပိုပြီးစိတ်လှုပ်ရှားသွားတယ်။ ငွေစိုးရဲ့ပယောဂလဲ အများကြီးပါတယ်။ သူကအခါပေး။

ဟိုတုန်းက ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းမှာ မရမ်း၊ ကံ့ကော်၊ ပိတောက်၊ စိန်ပန်း၊ သရက်၊ ပိန္နဲ၊ သစ်ပင်

သီးပင်တွေ အများကြီး။ အထင်ကရကတော့သစ်ပုတ်ပင်ကြီးပေါ့။ တက္ကသိုလ်ကို ကုံကော်တောလို့တောင် တင်စားခဲ့ကြသေးတာ မဟုတ်လား။

သစ်ပုတ်ပင်ကြီး ရွက်သစ်လဲချိန်။ စေတနာရှင်ကဖီးက ဦးချစ်ရဲ့မိန်းမ နေ့စေ့လစေ့ကလေးမွေးဖို့ နီးလာချိန်။ မတ်လမှာ အတန်းတင်စာမေးပွဲကြီး ကျင်းပ ပေးလေ့ရှိတယ်။

၂

ဆောင်းဦးပေါက်မှာ ကုံကော်ပွင့်တယ်။ ပွင့်လင်းရာသီဖြစ်တော့ ဘုရားဖူး၊ လေ့လာရေး၊ ပျော်ပွဲစားခရီးထွက်တဲ့လူတွေများတယ်။ အတွဲတွေအများစုက ရွှေတိဂုံဘုရားသွားဖူးတတ်ကြတယ်။ ငွေစိုးက ကျော်ခိုင်ကို သူ့အဆက်ဆီ ကုံကော်ပန်းတွေသွားပို့ဖို့ တိုက်တွန်းတယ်။

"ဟေ့လူ၊ သန်းသန်းကို ကုံကော်သွားပေးပါလား။"

"ဟာ၊ ကျွန်တော်မှ သစ်ပင်မတက်တတ်တာ။"

"လုပ်မနေနဲ့၊ ကျွန်တော်တက်ခူးပေးမယ်။"

တက္ကသိုလ်နယ်မြေထဲက သစ်ပင်သီးပင်ပေါ် မတက်ရဆိုတဲ့နားလည်မှုက ရှိပြီးသား။ တခါတရံ စီမံအဖွဲ့ကလူကြီးတွေ လိုက်စစ်တာမျိုးလဲရှိတယ်။

တစ်နေ့မနက်အစောကြီး၊ အရုဏ်မတက်ခင် နှင်းမှုံတွေကြား၊ သူငယ်ချင်းနှစ်ယောက် အင်းဝအဆောင်ရှေ့ခြံဝင်းဘေးက ကုံကော်ပင်ပေါ် တက်ခူးကြပါ လေရော။

ဖြစ်ချင်တော့ အဲဒီနေ့က ပါမောက္ခချုပ်ကြီးနဲ့အဖွဲ့က ဝင်းထဲလိုက်စစ်တဲ့ နေ့ ဖြစ်နေတယ်။ အမိမခံချင်တဲ့အတွက် သစ်ပင်ပေါ် ရောက်နေတဲ့သူတွေ ခုန်ဆင်းပြေးခဲ့ကြတယ်။

၃

စနစ်ဟောင်းအရ ဘွဲ့ကြိုအတွက်အတန်းတင် စာမေးပွဲကို တစ်နှစ်ထဲမှာ နှစ်ကြိမ်ကျင်းပပေးခဲ့တယ်။ ပထမအကြိမ်ကို မတ်လမှာ။ ဒုတိယအကြိမ်ကို ဇွန်လမှာ။ ပထမအကြိမ်မှာ စာမေးပွဲကျသူတွေ ဇွန်လမှာ ပြန်ပြီးဖြေဆိုခွင့်ရှိတယ်။ ကျော်ခိုင်တစ်ယောက် မတ်လအတန်းတင်စာမေးပွဲကျတယ်။

စာမေးပွဲအောင်တဲ့ငွေစိုးက အားပေးတဲ့အနေနဲ့ ကျော်ခိုင်ကို စကော့မားကက် ဗိုလ်ချုပ်ဈေးဘက်ခေါ်သွားတယ်။ စိတ်ပြေလက်ပျောက်ဖရေဇာ၊ အနော်ရထားလမ်း ပလက်ဖောင်းစကြ်နပေါ် ခင်းရောင်းတဲ့ ညဈေးဘက်လည်း လျှောက်လည်ဖြစ်ကြတယ်။

အဲဒီခေတ်က ဘာယူယူနှစ်ကျပ်ခွဲ။ မာစရိုက်ကျားဝတ် ချည်ချောလုံချည် တစ်ထည်မှ တစ်ဆယ်။ ဆယ့်နှစ်ကျပ်။

အနော်ရထာလမ်းနဲ့ ဆူးလေဘုရားလမ်းထောင့်နား ရောက်တော့ လမ်းဘေးခွေးဝဲစားတစ်ကောင်က ငွေစိုးကို ကျော်ပြီး ကျော်ခိုင်ရဲ့ခြေသလုံးကို လှမ်းပြီးတစ်ချက်ကိုက်လိုက်တယ်။ ကိုက်တယ်လို့စကားအဖြစ်သာပြောတာ။ တကယ်တမ်းတော့ ဟပ်မိရုံလေးပါ။ သွားရာလေး နည်းနည်းထင်ကျန်ရစ်ခဲ့တယ်။

နဂိုကတည်းက စာမေးပွဲရှုံးလို့ စိတ်ဓါတ်ကျနေတဲ့ ကျော်ခိုင်က စိတ်ပေါက် ပေါက်နဲ့ ခွေးကိုလှိမ့်ကန်ရင်း ဆဲလိုက်တယ်။ ဒီလို။

"ကံနိမ့်နေတဲ့လူကိုမှ ရွေးကိုက်ရတယ်လို့။ မအေပေး ခွေး။ သေပေတော့။"

၄

တစ်နေ့ ညနေဘက် ၄နာရီလောက်ရှိမယ်။ လူကြုံနဲ့ အင်းလျားဆောင်က စာပါးလိုက်တယ်။ ကျော်ခိုင်ကို သူ့ အဆက်က အင်းလျားကန်စောင်းမှာ ငါးနာရီ တွေ့ဖို့ချိန်းတယ်။

ကတိုက်ကရိုက်ရေချိုး။ ဖီးလိမ်း။ အဝတ်လဲ။ နာရီ ကြည့်တော့ လေးခွဲကျော်နေပြီ။ အဆောင်ပေါ်ကပြေးဆင်း လာတော့၊ ဆင်ဝင်အောက်မှာ စာဖို့မှူး ဦးဘကျော်ကို စက်ဘီးနဲ့ တွေ့လိုက်တယ်။

"ဦးဘကျော်ရေ၊ အရေးကြီးနေလို့ပါဗျာ။ ကျွန်တော့်ကို စက်ဘီးခဏလောက် ပေးပါ။"

"ရော့ ယူသွား။ သတိထားနော်။ ဘရိတ်နည်းနည်း မမိချင်ဘူး။"

ကျော်ခိုင်က အဓိပတိလမ်းအတိုင်းနင်း၊ ဘွဲ့နှင်းသဘင် ဘေးမလွယ်ပေါက်ကထွက်၊ အင်းလျားလမ်းကိုကျော်၊ မြက်ခင်း အရောက်မှာ ချစ်သူကိုတွေ့လိုက်လို့ လက်ဝှေ့ရမ်းပြမှာ ပြဿနာပေါ်တော့တယ်။ ရှေ့ဘီးချိုင့်လေးထဲကျသွားရော။ လူလဲမသွားအောင်မနည်းထိန်းယူရတယ်။ ဘရိတ်မှ မမိပဲကို။

၅

ထမင်းစားပြီးချိန်မှာ အဆောင်သားတွေ ဧည့်ခန်းမှာ သတင်းစာဖတ်သူ ဖတ်၊ ရေဒီယိုနားထောင်သူနားထောင်၊ လမ်းထွက်လျှောက်သူလျှောက်၊ လက်ဘက်ရည်ထွက်သောက်သူသောက်၊ အဆောင်ရှေ့ဝိုင်းဖွဲ့စကားပြောသူ ပြော၊ စိတ်လွတ်လက်လွတ် အပန်းဖြေအနားယူလေ့ရှိကြတယ်။

အဆောင်ရှေ့မှာရပ်နေတဲ့ ငွေစိုးကကျော်ခိုင်ကို လှမ်းမေးတယ်။

"ဟေ့လူ၊ စက်ဘီးကိုတွန်းလာရတယ်လို့။"

"တောက်၊ ဟိုန္တွားမကြောင့်။ ကျွန်တော့်စက်ဘီးချိုင့်ထဲကျပြီး နည်းနည်ခွင်သွားတယ်။ ကျွတ်၊ ကျွတ်။"

"အများရှေ့မှာ မွှေးမွှေးသွားပေးမိလို့ တွန်းပစ်လိုက်တာလား။"

"ပေါက်ကရ၊ နဂိုထဲက ဘရိတ်ချော်နေတာဗျ။ ချိုင့်ကိုမြင်မြင်ချင်း လူလဲမသွားအောင် ခြေထောက်လိုက်လို့ ဟိုနေရာဖင်ထိုင်ခုံနဲ့ဆောင့်မိသွားတယ်။ ခုထိ အောင့်နေတုန်း။"

"ဥလား၊ အတက်လား။"

"ဥပါဗျ။"

"ဆရာဝန်ပြမှ။ တော်ကြာ၊ ငါမသေခင် ဒါလေးသေသွားဦးမယ်။"

"---------------"။ ။

❑



# စာနာစိတ်

၁

ဒေါ်လုံးနဲ့မောင်တိုးတို့က မြေးအဘွား။ သမီးနဲ့သမက် ရှိစဉ်အခါက မြို့စွန်မှာ ဟင်းသီးဟင်းရွက်စိုက်ခဲ့ကြတာ။ မောင်တိုး (၈)တန်းအရောက်မှာ သူ့မိဘတွေ ရှေ့ဆင့်နောက် ဆင့်ဆိုသလို သေဆုံးသွားတဲ့အတွက် ကျောင်းဆက် မတက် ဖြစ်တော့ဘူး။ စိုက်ခင်းတစ်ဖက်လုပ်ရင်း ပွဲလမ်းသဘင်ရှိတဲ့ အခါမျိုးမှာ ရောင်စုံဘောလုံးလှည့်လည်ရောင်းတယ်။

ဒေါ်လုံးမှာထူးခြားတဲ့အကျင့်ကလေးတစ်ခုရှိတယ်။ ထမင်းချက်တိုင်း ဆွမ်း ဆန်စိမ်းလောင်းဖို့ လှူဖို့ဆန်လက် တစ်ဆုပ်စာအမြဲဖယ်ထားတတ်တယ်။ ဝင်ငွေများများ စားစား ရတဲ့အချိန်မျိုးမှာလည်း လှူဖို့တန်းဖို့ရည်ရွယ်ပြီး ဘူးကလေး ထဲမှာ ငွေလေးနည်းနည်းပါးပါး သပ်သပ်ခွဲစုထားတတ်သေး တယ်။ မြေးဖြစ်တဲ့ မောင်တိုးမှာလည်း ဒီလိုစားဖို့သပ်သပ်၊ လှူဖို့သပ်သပ်ခွဲခွဲပြီး စုတတ်တဲ့အကျင့် ရလာတယ်။

ဒေါ်လုံးက သားသမီးတွေကို အမြဲဆုံးမတတ်တယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးက အဝေးကြီး မဟုတ်ဘူး။ မနေ့၊ ဒီနေ့နဲ့ မနက်ဖြန်လို့မြင်ရမယ်။ မနေ့ကရတဲ့ ဝင်ငွေကို နည်းနည်းချိုးခြံထားရင် ဒီနေ့အဖို့ပြေလည်တာပေါ့။ ပိုလို့ လျှံလို့ ပိုပြီးချွေတာနိုင်ရင်၊ နောက်နေ့အတွက် မပူရဘူးပေါ့။ နောက်တစ်ခုက နောင်ဘဝကိုဒါနမျိုးစေ့လေး ပါသွားအောင် ဆွမ်းကွမ်းလှူတာ အလွယ်ဆုံး။ ကိုယ်ရတဲ့အထဲက နိုင်သလောက်သာ လှူဖို့ အရေးကြီးတယ်။ တစ်မျိုးပြောရရင် ချွေးနဲ့စာထဲကလှူနိုင်လေ ကောင်းလေပဲ။

## ၂

စန္ဒာနဲ့ သန္တာကညီအစ်မ။ သန္တာက ရန်ကုန်ဆောက်လုပ်ရေးလုပ်ငန်းရှင် တစ်ယောက်နဲ့အိမ်ထောင်ကျပြီး လေးနှစ်သားဖြိုးဝေနဲ့ တစ်ဗိုက်ရနေတယ်။ စန္ဒာက မွေးရပ်ဖြစ်တဲ့ နယ်မြို့ကလေးမှာပဲ အခြေခံပညာအလယ်တန်းကျောင်းမှာ ဆရာမလုပ်ရင်း၊ လုပ်ဖော်ကိုင်ဖက်ကျောင်းဆရာနဲ့ အိမ်ထောင်ကျသွားတယ်။

ကလေးသုံးယောက်ရလို့၊ အကြီးဆုံးကတောင် တက္ကသိုလ်ရောက်နေပြီ။ ဖုန်း အဆက်အသွယ်ရှိပေမယ့် ညီအစ်မချင်းမတွေ့ဖြစ်ကြဘူး။ တစ်နေ့မမျှော်လင့်ပဲ သန္တာတို့ လင်မယားအလည်လာတယ်။

မနက်ဈေးဝယ်ထွက်ရာကပြန်လာတဲ့ သန္တာက စန္ဒာကို မနှစ်မြို့တဲ့လေသံနဲ့ ညည်းပြတယ်။

"မမတို့မြို့ကလူတွေဟာ တစ်မျိုးပဲ။ အရမ်းစပ်စုကြတာ။ တွေ့တဲ့လူတိုင်း တစ်မေးတည်း မေးကြတယ်။ ဗိုက်က ဘယ်နှစ်လလဲ။ ဒါ သားဦးလား။ ရိုးရိုးမွေးမှာလား။ ခွဲမွေးမှာလား။ ဗေဒင်မေးပြီးခွဲမှာလား။ တီဗီအလထရာဆောင်း ရိုက်ပြီးပြီလား။ ဘာလေးလဲ။ အို စုံလို့ စုံလို့ မောလိုက်တာ။"

"ဟဲ့၊ သန္တာ။ နင်ဒီမြို့မှာ ကြီးတာလေ။ အသိအကျွမ်းတွေပဲ။ ခင်လို့မင်လို့ မေးကြတာ။"

"သူတို့ကိစ္စ ကျနေတာပဲ။"

"ဟဲ့၊ ဒါရပ်ရွာရဲ့ဓလေ့။ ဂရုစိုက်တယ်လို့ မှတ်ယူရမယ်။"

"အနေသာကြီး။"

"မြို့ကြီးပြကြီးနဲ့ဘယ်တူမလဲ။ နယ်စုံကလူတွေဆိုတော့မြို့ကြီးတွေမှာ ဖာသိဖာသာ နေတတ်ကြတာ။ အနေစိမ်းတာပေါ့။"

"ဒီမြို့ကလေးက တကယ်တော့ ရွာကြီးသာသာပဲ။ အားလုံးအသိတွေချည်းပဲ။ ဆွေရိပ်မျိုးရိပ်တောင် ကင်းချင်မှာကင်းမှာ။ ရင်းနှီးမှုကို ပြကြတာဟဲ့။"

၃

သန္တာတို့မိသားစု အလည်ရောက်ချိန်က တန်ဆောင်တိုင်မီးထွန်းပွဲနဲ့ ကြုံကြိုက်နေတယ်။ ညဦးပိုင်းမှာသန္တာက ကလေးနဲ့အတူ သူ့အစ်မနဲ့ပွဲဈေးတန်း လျှောက်ကြည့်ကြတယ်။ အကြော်စုံစားနေတဲ့အိမ်နီးချင်းတွေခေါ်လို့ အကြော်ဆိုင်မှာ

ဝင်စားကြတယ်။ အကြော်စုံစားပြီး ရယ်ကြမောကြနဲ့ အချိန်ကုန်လို့ ကုန်မှန်းမသိကြဘူး။ လုံခြုံရေးမဏ္ဍပ်ကအော်လံနဲ့ မိဘနဲ့ကွဲသွားတဲ့ကလေးရဲ့နာမည်ကို ကြားရမှ သန္တာ သူ့သားကို သတိရတော့တယ်။ သူတို့သွားခေါ် ချိန်မှာ မိုးပျံဘောလုံး ကိုင်လျက် ငိုနေတဲ့ငဖြိုးကို တွေ့ရတယ်။ လူကြီးတွေအကြော် စားရင်း စကားစမြည်ပြောနေတာကို (၄)နှစ်သား ငဖြိုးက ဘယ် စိတ်ဝင်စားမလဲ။ ဟိုအဝေးက ရောင်စုံဘောလုံးကိုသာ စိတ်ဝင် စားတာ။ တဖြည်းဖြည်းတစ်ယောက်တည်းလျှောက်ရင်း လျှောက်ရင်းနဲ့ ရောင်စုံ ဘောလုံးရောင်းနေတဲ့မောင်တိုးနားကို ရောက်သွားတယ်။ ကလေးက ဘောလုံး လိုချင်ပေမယ့် သူ့မှာ ပိုက်ဆံကမရှိ။ အဖေါ် လည်းမပါဘူး။ မဝယ်နိုင်လို့ အကြာကြီး ရပ်ကြည့်နေတဲ့ကလေးကို သနားလို့ မိုးပျံဘောလုံးကလေး တစ်လုံးကို မောင်တိုး ပေးလိုက်တယ်။ ကလေးရဲ့နာမည်၊ မိဘရဲ့ နာမည်ကိုမေးဖြစ်တယ်။ တစ်ချိန်တည်းမှာပဲ ကလေးရဲ့ လည်ပင်းမှာ ရွှေဆွဲကြိုးဆွဲထားတာကိုလည်း သတိပြုမိခဲ့ တယ်။

၄

မနက်စာကျွေးဖို့ မျက်နှာသစ်ပေးခါမှ ကလေး လည်ပင်းမှာ ရွှေကြိုးမရှိမှန်း သန္တာသိရတယ်။ ကလေးကိုမေးလဲ မဖြေတတ်ဘူး။ အိမ်ထဲ၊ အခန်းထဲ ရှာကြည့်လည်း မတွေ့။ ချိတ်ပြုတ်ပြီး ကျများသွားလား။ ပွဲဈေးတန်းမှာ တစ်ယောက်

ယောက်ကများ ဖြုတ်ယူသွားလား။ သန္တာက စန္ဒာကို သူ့အထင်ကို ပြောပြတယ်။

"မမ၊ ကလေးလက်ထဲမှာ ဘောလုံးတွေ့တယ်နော်။"

"အေး၊ ဝယ်ဖို့ ကလေးလက်ထဲပိုက်ဆံမှ မရှိပဲ။"

"ဒါကို စဉ်းစားနေတာ။ တစ်ယောက်ယောက်က ဘောလုံးဝယ်ပေးပြီး၊ ရွှေကြိုးကို ဖြုတ်ယူသွားတာဖြစ်မယ်။"

"ဘောလုံးရောင်းတဲ့ကောင်ကကော ရွှေကြိုးမဖြုတ်ဘူးလို့ ပြောလို့ရမလား။"

"မင်းကိုကပေါ့တာပါကွာ။ အဖော်မပါဘဲဈေးတန်းမှာ ရွှေကြိုးနဲ့ တစ်ယောက်တည်း လွှတ်ထားရသလား။ ရွှေကိုယူပြီး ကလေးကိုတစ်ခုခုလုပ်မသွားတာပဲ ကျေးဇူးတင်ရမှာ။ ထင်ကြေးနဲ့ တစ်ဖက်သားကို မစွပ်စွဲကောင်းဘူးကွာ။"

သန္တာရဲ့ ခင်ပွန်းသည်က အပြစ်တင်လိုက်တယ်။

## ၅

"ဆရာမကြီးဒေါ်စန္ဒာရှိပါသလား။"

မနက် ကိုးနာရီလောက်မှာ ခေါ်သံကြားလို့ စန္ဒာ တံခါးဖွင့်ကြည့်တယ်။

"ဟေး။ မောင်တိုးပါလား၊ စောစောစီးစီး ဘာကိစ္စရှိလို့လဲ။"

"ဒီလိုပါဆရာမကြီး။ ညဉ့်နက်ပိုင်းမှာ ဘောလုံးတွေ ရောင်းလို့ကုန်သွားတော့၊ ကျွန်တော် ပစ္စည်းတွေကိုသိမ်းတဲ့ အခါ ရွှေကြိုးတစ်ကုံးတွေ့တယ်။ အိမ်အပြန် တစ်လမ်းလုံး

ကျွန်တော်မိုးပျံဘောလုံးပေးလိုက်တဲ့ကလေးရဲ့ ဆွဲကြိုးများ ဖြစ်လေမလားလို့ စဉ်းစားခဲ့တယ်။ နောက်အသံချဲ့စက်မှာ ကလေးရဲ့နာမည်နဲ့ သူ့အမေရဲ့ နာမည်ကို ကြားမိတယ်။ အဲဒီတော့မှ ဆရာမကြီးရဲ့ညီမများ ဖြစ်နေမလားလို့ တွေးမိပါတယ်။ ဒါကြောင့် ဒီဆွဲကြိုးကို ပိုင်ရှင်လက်ထဲပြန်ထည့်ပေးမလို့ လိုက်ရှာနေတာပါ။"

"မမရေဘုရားသိကြားမတာပဲ။ကျွန်မဖြင့်ပြန်ရမယ်လို့ကို မျှော်လင့်မထားရိုးအမှန်။"

"မောင်တိုးရေ ဟုတ်တယ်ကွဲ့။ ဆရာမလေးရဲ့တူလေး ဆွဲကြိုးပဲ။ ချိတ်နည်းနည်း နာနေမှန်းသိလျှက်သားနဲ့ ချွတ်မထားလို့ ဒီလိုကျပျောက်ခဲ့တာ။ ကျေးဇူးပဲ။"

"နေဦး၊ နေဦး။ နည်းတယ်များတယ်လို့ သဘောမထားနဲ့။ ဒီမှာတစ်သိန်း။"

ဦးချမ်းသာက ကျေးဇူးဆပ်တဲ့အနေနဲ့ ဘဏ်ထုပ်ငွေစက္ကူတစ်ထုပ်ကို ထုတ်ပေးလိုက်တယ်။

"မောင်တိုး ယူလိုက်ပါ။ ဘယ်လိုမှမအောက်မေ့နဲ့။ ဆရာမတို့နဲ့ ရင်းနှီးပြီးသား မိတ်ဆွေတွေပဲ။ လက်ခံလိုက်ပါ။"

"ဆရာမကြီးရေ။ ကျွန်တော့်အဖွားက အမြဲမှာတယ်။ စာနာစိတ်မွေးရမယ်တဲ့။ ကိုယ့်လိုပဲပစ္စည်းရှင်လည်းနှမြောမှာပဲတဲ့။ ပိုင်ရှင်တွေ့ရင် ပြန်ပေးခိုင်းလိုက်ပါတယ်"

"မောင်တိုး။ ဆရာမပြောမယ်။ မုန့်ဖိုးပေးတယ်လို့သာ သဘောထားပြီး လက်ခံလိုက်ပါ။ စေတနာနဲ့ပေးတာကို မငြင်းကောင်းဘူး။"

"ဆရာတို့ ဆရာမတို့စေတနာကို ကျွန်တော်နားလည်ပါတယ်။ ကျွန်တော့်ကို တစ်သောင်းလောက်ပဲပေးပါ။"

"ဒီမှာ နှစ်သောင်း"

"ဆရာမကြီး၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"။ ။

❑

## 'ရှုထိုင်းယဉ်' စာပေတိုက်မှ ထုတ်ဝေပြီးသော ဥပဒေစာအုပ်များစာရင်း


၁။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုဥပဒေ၊
နည်းဥပဒေ ၁၂၀၀
၂။ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ၁၅၀၀
၃။ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေ ၁၀၀၀
၄။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်
ဆိုင်ရာဥပဒေ၊ နည်းဥပဒေ ၁၀၀၀
၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(မြန်မာ+အင်္ဂလိပ်နည်းဥပဒေနှင့်
သိကောင်းစရာများ ၁၅၀၀
၆။ လူမှုဖူလုံရေးဥပဒေနှင့် သိကောင်းစရာများ ၁၂၀၀
၇။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ
ထိန်းချုပ်ရေးဥပဒေနှင့်နည်းဥပဒေ ၁၅၀၀
၈။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ(မြန်မာ+အင်္ဂလိပ်)နှင့်
သိကောင်းစရာများ ၁၀၀၀
၉။ တံဆိပ်ခေါင်းခွန် အမိန့်ကြော်ငြာစာအမှတ်(၁၂၂/၁၂)ရုံးခွန်
အမိန့်ကြော်ငြာစာအမှတ် ၁၅၀၀
၁၀။ အနည်းဆုံးအခကြေးငွေဥပဒေနှင့် သိကောင်းစရာများ ၈၀၀
၁၁။ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေနှင့်
နည်းဥပဒေများ ၁၅၀၀
၁၂။ ရေအရင်းအမြစ် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေနှင့်
ပို့ဆောင်ရေး ဝန်ကြီးဌာနစည်းကမ်းချက်ပုံစံများ ၁၅၀၀

၁၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏စီးပွားရေးလုပ်ငန်း
အမျိုးအစားသတ်မှတ်ခြင်း ၁၅၀၀
၁၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ၈၀၀
၁၅။ ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာဥပဒေ ၈၀၀
၁၆။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်း ၁၅၀၀
၁၇။ ငွေချေးသက်သေခံလက်မှတ်များ
လဲလှယ်ရောင်းဝယ်ရေးဥပဒေ ၁၀၀၀
၁၈။ ဆက်သွယ်ရေးဥပဒေ ၁၀၀၀
၁၉။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ၁၀၀၀
၂၀။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် နည်းဥပဒေ ၂၀၀၀
၂၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ၁၂၀၀
၂၂။ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ ၈၀၀
၂၃။ အမျိုးသားအစားအသောက်ဥပဒေ ၈၀၀
၂၄။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ၁၀၀၀
၂၅။ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေ ၁၀၀၀
၂၆။ ကလေးသူငယ်ဥပဒေနှင့် ကလေးသူငယ်နည်း ဥပဒေများ ၂၅၀၀
၂၇။ အမျိုးသားဆေးဝါးဥပဒေနှင့် အမျိုးသားဆေးဝါးဥပဒေအရ
ထုတ်ပြန်ကြေညာခဲ့သည့်အမိန့်ကြော်ငြာစာများ ၁၂၀၀
၂၈။ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ
(နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ) ၂၅၀၀
၂၉။ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ
(ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ) ၂၅၀၀
၃၀။ သက်သေခံဥပဒေ ၃၀၀၀
၃၁။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ၁၂၀၀
၃၂။ လောင်းကစားဥပဒေနှင့် လောင်းကစားနည်းဥပဒေ ၁၂၀၀
၃၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဝင်ငွေခွန်ဥပဒေ ၁၅၀၀
၃၄။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ ၁၂၀၀
၃၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဓါတုပစ္စည်းများ
အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ၈၀၀
၃၆။ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ ၁၀၀၀

| | | |
|---|---|---|
| ၃၇။ | တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ | ၈၀၀ |
| ၃၈။ | အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၁၀၀၀ |
| ၃၉။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၃)နှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်တင်ကုန်ချအလုပ်သမားဥပဒေ | ၁၅၀၀ |
| ၄၀။ | မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာများ။ | ၂၀၀၀ |
| ၄၁။ | ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ | ၁၀၀၀ |
| ၄၂။ | ဘက်စုံပို့ဆောင်ရေးဥပဒေ | ၁၀၀၀ |
| ၄၃။ | မြန်မာနိုင်ငံလက်နက်များအက်ဥပဒေစုစည်းမှု | ၁၂၀၀ |
| ၄၄။ | မြန်မာ့အာမခံလုပ်ငန်းဥပဒေနှင့် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ဥပဒေ | ၁၅၀၀ |
| ၄၅။ | အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ | ၁၀၀၀ |
| ၄၆။ | မြေကွက်စံနှုန်းများ | ၁၅၀၀ |
| ၄၇။ | ၂၀၁၃ ခုနှစ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသော ဥပဒေများ စုစည်းမှု | ၅၀၀၀ |
| ၄၈။ | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်သတင်းမီဒီယာ ဥပဒေ၊ ပုံနှိပ်ထုတ်ဝေခြင်း(၂၀၁၄)၊ စားသုံးသူကာကွယ်ရေးဥပဒေ | ၂၅၀၀ |
| ၄၉။ | မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ | ၁၅၀၀ |
| ၅၀။ | ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေ | ၂၅၀၀ |
| ၅၁။ | သစ်တောဥပဒေ၊ နည်းဥပဒေ၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်း | ၂၀၀၀ |
| ၅၂။ | ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့် ကာကွယ်စောင့်ရှောက်သည့် ဥပဒေ | ၁၂၀၀ |
| ၅၃။ | ၁၉၅၄ခုနှစ်၊ ဗုဒ္ဓဘာသာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေ | ၁၀၀၀ |
| ၅၄။ | (၂၀၁၄)ခုနှစ်၊ လူ့အခွင့်အရေးကော်မရှင် ဥပဒေ | ၁၀၀၀ |
| ၅၅။ | နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ | ၁၅၀၀ |
| ၅၆။ | ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ(၂၀၁၄) | ၁၀၀၀ |

၅၇။ တံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(မြန်မာ+အင်္ဂလိပ်)(၂၀၁၄) ၂၅၀၀

၅၈။ ရုံးခွန်တော်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(မြန်မာ+အင်္ဂလိပ်)(၂၀၁၄) ၁၀၀၀

၅၉။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ၁၂၀၀

၆၀။ မြန်မာ့ကျောက်မျက် ဥပဒေ ၂၀၀၀

၆၁။ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ ၁၅၀၀

၆၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ(၂၀၁၄) ၃၅၀၀

၆၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနည်းဥပဒေနှင့်
အမိန့်ကြော်ငြာစာများ စုစည်းမှု ၂၅၀၀

၆၄။ ပို့ကုန်သွင်းကုန်ဥပဒေ ၈၀၀

၆၅။ ရာဇသတ်ကြီး(ဝါ) ၄၀၀၀

၆၆။ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ၁၂၀၀

၆၇။ ၁၉၈၂ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ၁၂၀၀

၆၈။ ၂၀၁၃ခုနှစ်၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးဥပဒေ ၁၅၀၀

၆၉။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂၀၁၃) ၁၀၀၀

၇၀။ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ ၈၀၀

၇၁။ မြန်မာ့အကောက်ခွန်ဥပဒေ ၂၅၀၀

၇၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်ဆဲစက်ရုံ
အလုပ်ရုံဥပဒေများစုစည်းမှု ၂၅၀၀

၇၃။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ (၂၀၁၄) ၁၅၀၀

၇၄။ သတင်းမီဒီယာဥပဒေ(၂၀၁၄) ၁၅၀၀

၇၅။ ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ ၁၀၀၀

၇၆။ Foreign Investment Law ၂၅၀၀

၇၇။ Farm Land Law and Firm Land ၂၅၀၀

၇၈။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ၁၂၀၀

၇၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ၂၅၀၀

၈၀။ ရာဇသတ်ကြီးမှတ်စု ၂၀၀၀

၈၁။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများထိန်းသိမ်းရေးဥပဒေ ၁၂၀၀

၈၂။ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ၁၅၀၀

၈၃။ ၁၉၅၅-ခုနှစ် အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေ ၁၅၀၀

၈၄။ တရားမနစ်နာမှုဥပဒေ ၃၀၀၀

၈၅။ မြန်မာစလေ့ထုံးတမ်းဥပဒေ ၂၀၀၀

၈၆။ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ ၂၅၀၀

၈၇။ အိုဇုန်းလွှာပျက်စီးစေသောဖြစ်ပစ္စည်းများဆိုင်ရာလုပ်ကိုင်ခြင်း
အမိန့် ၁၀၀၀

၈၈။ သီလဝါအထူးစက်မှုဇုန်ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ခွင့်ဆိုင်ရာ
စည်းမျဉ်းများ ၁၀၀၀

၈၉။ မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော
သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ ၁၀၀၀

၉၀။ တပ်မတော်နည်းဥပဒေကိုပြင်ဆင်သည့်နည်းဥပဒေများ ၁၀၀၀

၉၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေများ ၁၂၀၀

၉၂။ လူမှုဖူလုံရေးနည်းဥပဒေများ ၁၅၀၀

၉၃။ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ
(၁၉၂၃ခုနှစ်၊ ဥပဒေ ၁၉) ၁၅၀၀

၉၄။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေ ၁၅၀၀

၉၅။ မီးသတ်တပ်ဖွဲ့ဥပဒေ ၁၀၀၀

၉၆။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ(မူကြမ်း) ၁၀၀၀

၉၇။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို
ကန့်သတ်သည့်ဥပဒေ ၁၀၀၀

၉၈။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေနှင့်
ပြင်ဆင်သည့်ဥပဒေ ၁၅၀၀

၉၉။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ၁၀၀၀

၁၀၀။ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ ၁၀၀၀

၁၀၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(၂၀၁၄) ၁၀၀၀

၁၀၂။ ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့်
သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ ၁၀၀၀

၁၀၃။ လျှပ်စစ်ဥပဒေ ၁၀၀၀

၁၀၄။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ(အကြမ်း) ၂၅၀၀

၁၀၅။ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ၁၅၀၀

| | | |
|---|---|---|
| ၁၀၆။ | ကာလစည်းကမ်းသတ်ဥပဒေ | ၂၅၀၀ |
| ၁၀၇။ | THE CITY OF RANGOON MUNCIPAL ACT BURMAN | ၂၅၀၀ |
| ၁၀၈။ | The Environmental Conservation Law | ၁၀၀၀ |
| ၁၀၉။ | ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းခဲ့သော ဥပဒေများစုစည်းမှု ( ၁ မှ ၅၇ ) | ၆၀၀၀ |
| ၁၁၀။ | Myanmar Special Economic Zones Law | ၁၂၀၀ |
| ၁၁၁။ | အနည်းဆုံးအခကြေးငွေနည်းဥပဒေများ | ၁၀၀၀ |
| ၁၁၂။ | လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ | ၁၀၀၀ |
| ၁၁၃။ | အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးဥပဒေ(ကြမ်း) | ၈၀၀ |
| ၁၁၄။ | Black Law | ၆၀၀၀ |
| ၁၁၅။ | Housing, Land And Property rights in Burma | ၁၀၀၀၀ |
| ၁၁၆။ | Sign Here | ၅၀၀၀ |
| ၁၁၇။ | နိုင်ငံဝန်ထမ်းဥပဒေ | ၈၀၀ |
| ၁၁၈။ | နိုင်ငံသားပြုခွင့်ရသူဆိုင်ရာလုပ်ထုံးလုပ်နည်းများ | ၂၅၀၀ |
| ၁၁၉။ | မြန်မာနိုင်ငံခရီးသွားလာရေးဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | ၂၅၀၀ |
| ၁၂၀။ | မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ | ၁၀၀၀ |
| ၁၂၁။ | The Ritht to Peaceful Assembly | ၁၀၀၀ |
| ၁၂၂။ | အမျိုးသားပညာရေး | ၁၀၀၀ |
| ၁၂၃။ | ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ ၁၉၉၀ ကုန်သွယ်ခွန် | ၂၅၀၀ |
| ၁၂၄။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ | ၁၅၀၀ |
| ၁၂၅။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နောက်ဆက်တွဲပုံစံ | ၂၀၀၀ |
| ၁၂၆။ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ | ၁၂၀၀ |
| ၁၂၇။ | မြို့ရွာရှိမြေရာလက်စွဲဥပဒေ | ၅၀၀၀ |
| ၁၂၈။ | ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ | ၂၀၀၀ |
| ၁၂၉။ | ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် | ၁၅၀၀ |

၁၃၀။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေ ၁၅၀၀
၁၃၁။ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်
ကော်မရှင် ရွေးကောက်ပွဲ နည်းဥပဒေ ၂၅၀၀
၁၃၂။ ဥပဒေဝေါဟာရအဘိဓာန် ၄၀၀၀
၁၃၃။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေနှင့်
ပညာရေးဆိုင်ရာ ၂၅၀၀
၁၃၄။ ရုပ်မြင်သံကြားနှင့် ဗွီဒီယို ၁၀၀၀
၁၃၅။ ရဲအက် (ဦးချစ်မောင်) ၂၅၀၀
၁၃၆။ ၁၉၆၄ မော်တော်ယာဉ် ဥပဒေနှင့် ၁၉၈၉ မော်တော်ယာဉ်
နည်းဥပဒေ ၃၅၀၀
၁၃၇။ မြန်မာနိုင်ငံကုန်အမှတ်အသားများအက်ဥပဒေ ၁၂၀၀
၁၃၈။ နိုင်ငံတော်အလံ ဥပဒေ၊ နည်းဥပဒေ ၁၂၀၀
၁၃၉။ နိုင်ငံခြားသုံးငွေနှင့် အရေးကြီးကုန်ပစ္စည်း ၁၂၀၀

## ရရှိနိုင်သော စာအုပ်ဆိုင်ကြီးများ

**ရန်ကုန်** - **စာပေဗိမာန်၊ စာပေဗိမာန်(မော်တင်)၊ အင်းဝ၊ ရာပြည့်၊ သတင်းစာနယ်ဇင်း၊ ဝါမိုးအောင်နှင့် စာပေလောက ၂၊ ၅၊ ၆၊ ၇။**

**မန္တလေး** - **စာပေဗိမာန်၊ နဂါးစာပေ၊ ထွန်းဦးစာပေ၊ ခေတ်မှီစာပေ နှင့် စိတ်ကူးချိုချိုစာပေ**

**နေပြည်တော်** - **စာပေဗိမာန်၊ အဓိပတိစာပေ၊ လမင်းဝင်းဝင်းစာပေနှင့် ယဉ်ယဉ်စာပေ။**

**လားရှိုး** - **စစ်ငြိမ်းပန်းစာပေ။**

**မုံရွာ** - **အောင်မင်္ဂလာစာပေ၊ ချင်းတွင်းအိမ်နှင့် အဓိပတိစာပေ။**

○



ဒေါက်တာသက်လွင်(စီးပွားရေး)

# အဝေးမြို့က ပုံပြင်ကလေးများ

၂၀၁၆

ဖြန့်ချိရေး

ရှုတိုင်းယဉ် ဥပဒေနှင့် သုတရသစာပေ
အမှတ် (၁၀၀) မြေညီ၊ ၃၇လမ်း (အောက်လမ်း)၊ ရန်ကုန်။
ဖုန်း - ၀၉ ၄၃၀၇၀၀၇၁၊ ၀၁ ၂၅၄၀၀၃၊ ၀၉ ၄၂၅၃၀၇၆၇၅